ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ တနင်္လာနေ့၊ (26-1-2004) (၄၁၂၇)

ဗာဟုသစ္စ တော ံ မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ ၁၉၆၉၈၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အလည်အပတ်ခရီး လာရောက်မည်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင်ဟာဂျီအာမက် ဘာဒါဝီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း လုပ်ငန်းသဘော အလည်အပတ်ခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သြစတြေးလျဘုရင်ခံချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ(အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၄ ရက်က ဘားအံတက္ကသိုလ် သုံးထပ်ပင်မဆောင် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကရင်ပြည်နယ် ဘားအံမြို့၊ ကော့ကရိတ်မြို့နှင့် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်ငါးရပ် မဖြစ်မနေဆောင်ရွက် သားစဉ်မြေးဆက် စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေး မိမိတို့ကိုယ်တိုင်ပူးပေါင်းပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ လယ်ယာစိုက်ပျိုးရေးကုန်ထုတ်စခန်း၌ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သာယာကုန်း စံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာသို့ နံနက် ၈နာရီခွဲတွင် မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အမှတ်(၃) စစ်ဒေသမှူးဗိုလ်မှူးကြီးတင့်ဆန်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်စခန်းဝင်းအတွင်း Last Whiteအမျိုးအစား ဝက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဝက်မွေးမြူရေးခြံ၌ ယခုအခါ ဝက်ထီးနှစ်ကောင်၊ ဝက်မ ၁၀ကောင်၊ ဝက်သားပေါက် ခြောက်လသား ၄၆ ကောင်ရှိပြီး တိုးချဲ့မွေးမြူရန်ဆောင်ရွက်လျက်ရှိကာ အဆိုပါ ဝက်သားပေါက်များကို ကျေးရွာအိမ်ထောင်စုတိုင်း မွေးမြူနိုင်ရန် မွေးဘက်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သာယာကုန်းစံပြကျေးရွာ လယ်ယာစိုက်ပျိုးရေးကုန်ထုတ်စခန်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အရှည် ပေ ၇၁၀၀၊ အကျယ် ၂၂ ပေရှိ သာယာကုန်းစံပြကျေးရွာနှင့် မိုးကြိုးပစ်ကျေးရွာ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုကို လည်းကောင်း၊ မှော်ဘီချောင်း ရေထိန်းတံခါး တည်ဆောက်မည့် နေရာကို လည်းကောင်း၊ လမ်းဘေးဝဲ/ယာ တစ်လျှောက် တစ်နှစ်ပတ်လုံး စပါးအပါအဝင် သီးနှံအမယ်သစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ငါးဧကစီရှိ လယ်မြေကွက်များကို စက်ယန္တရားကြီးများဖြင့် လယ်ကွက် ဖော်ထုတ်နေမှုကိုလည်းကောင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည်သာယာကုန်းစံပြကျေးရွာကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုရှစ်အုပ်စုမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားရာတွင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲက လုပ်ငန်းစဉ်(၅)ရပ်ကို မဖြစ်မနေဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားကြောင်း။

ယင်းလုပ်ငန်းစဉ် (၅)ရပ်မှာ ကျေးလက်နေပြည်သူများ သက်တမ်းစေ့ကျန်းမာစွာ နေထိုင်နိုင်အောင် ဆောင်ရွက်ရေး၊ လူတိုင်းအခြေခံပညာတတ်မြောက်ပြီး လူငယ်တိုင်း အဆင့်မြင့်ပညာ သင်ယူတတ်မြောက်အောင် စည်းရုံးဆောင်ရွက်သွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သည့် ကျေးရွာချင်းဆက်လမ်း၊ ကျေးရွာမှ မြို့ပေါ်ဆက်သွယ်သည့် လမ်းများစသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ရေးနှင့်ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေးတို့ပင်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် နိုင်ငံတော်က လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အဓိကဆောင်ရွက်သွားကြရမည့်သူများမှာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာနေဒေသခံ ရပ်မိရပ်ဖ ပြည်သူများပင် ဖြစ်ကြကြောင်း၊ သို့ဖြစ်ရာ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ သားစဉ်မြေးဆက် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် မိမိတို့ ကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်၏ စီးပွားတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ရာ အခြေခံကျသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် မိမိတို့ကလည်း လယ်ယာစိုက်ပျိုးရေးတစ်ခုတည်းသာမက ဝက်၊ ဘဲ၊ ကြက် မွေးမြူရေးကိုပါ ပူးတွဲဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စေတနာကိုတုံ့ပြန် ပေးကြရန်မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သာယာကုန်းစံပြကျေးရွာရှိ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာဝင်ငွေတိုးအဖွဲ့တို့ပူးပေါင်း၍ ကျေးရွာနေကျောင်းသား၊ ကျောင်းသူများအား ကြိမ်ထိုးပညာသင်တန်း သင်ကြားပေးနေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က တည်ထောင် ဖွင့်လှစ်ပေးထားသည့် ကျေးရွာဆေးပေးခန်းနှင့် သာယာကုန်းစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ထိုမှ တစ်ဆင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ကြီးမှူးဆောင်ရွက်လျက်ရှိသည့် ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၄)ရှိ နေကြာတံဆိပ်ပီနံအိတ်စက်ရုံ လုပ်ငန်းလည်ပတ်နေမှုကိုလည်းကောင်း၊ ပျံလွှားခတ်ခဲစက်ရုံ တည်ဆောက်နေမှုကိုလည်းကောင်း၊ လှိုင်ဧရာ ရေခဲစက် လည်ပတ်နေမှု အခြေအနေနှင့် သောက်ရေသန့်စက်ရုံ တည်ဆောက်နေမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုတာဝန်ရှိသူတို့အားမှာကြားကာပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာရှိ သာယာကုန်း စံပြကျေးရွာနှင့် မိုးကြိုးပစ်ကျေးရွာ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

မူးယစ်ဆေးဝါးအမြစ်ပြတ် ပပျောက်စေရေး ကိုယ့်အားကိုယ်ကိုး ဆက်လက်ကြိုးပမ်း

၂၆-၁-၂၀၀၄ (တနင်္လာနေ့)

မူးယစ်ဆေးဝါးသည် လူမှုရေးပြဿနာများစွာကို ဖြစ်ပေါ်စေနိုင်ပြီး ကမ္ဘာ့လူသားအားလုံး၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေပေသည်။ မူးယစ်ဆေးဝါးပြဿနာသည် ဒေသတစ်ခု၊ နိုင်ငံတစ်ခု၏ ပြဿနာမဟုတ်သည့်အတွက် ဒေသတိုင်း၊ နိုင်ငံတိုင်းက ဝိုင်းဝန်းဖြေရှင်းကြရမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်စေရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်၌ စတင်ချမှတ်ကာ ကိုယ်ပိုင်စွမ်းအားအရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို စီမံချက်အတိုင်းအဆင့်အလိုက် ဆောင်ရွက်လျက်ရှိရာ အောင်မြင်တိုးတက်မှုများရရှိနေသည်။

မူးယစ်ဆေးဝါးပပျောက်စေရေးအတွက် တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးများအား ရှာဖွေဖမ်းဆီးတရားစွဲဆို အပြစ်ဒဏ်ပေးသော နည်းလမ်းသာမက ဘိန်းစိုက်ပျိုးမှုလုံးဝပပျောက်စေမည့် ပန်းတိုင်သစ်စီမံကိန်းဖြင့်လည်း ထပ်မံအားဖြည့်အကောင်အထည်ဖော်လျက်ရှိသည်။

ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက်ပျိုးမှုပပျောက်စေရန် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး၊ ပညာပေးဟောပြောခြင်း၊ ဒေသနှင့်ကိုက်ညီမည့်သီးနှံမျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် မျိုးတိရစ္ဆာန်များ ဖြန့်ဝေပေးခြင်း၊ ငွေကြေးနှင့်အခြေခံစားနပ်ရိက္ခာထောက်ပံ့ပေးခြင်းလုပ်ငန်းများဖြင့် ကူညီပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကို ဘိန်းစိုက်ပျိုးမှုကင်းမဲ့သည့် ဒေသအဖြစ် ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်က ကမ္ဘာသိကြေညာနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းများဖြင့် မူးယစ်ဆေးဝါးပပျောက်ချုပ်ငြိမ်းစေရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူများက တက်ကြွစွာပူးပေါင်းပါဝင်ကြိုးပမ်းမှုကြောင့် လုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းအရ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးကင်းစင်ရေး ရည်မှန်းချက်ချမှတ်ထားပြီး ပြည်သူတို့၏ပူးပေါင်းကူညီမှုဖြင့် ကြိုးပမ်းလျက်ရှိသည်။ 'ဝ'နှင့် ကိုးကန့်ဒေသများတွင် တိုင်းရင်းသားအဖွဲ့အစည်းများက ၂၀၀၅ ခုနှစ်၌ မူးယစ်ဆေးဝါးလုံးဝကင်းစင်စေရေး ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံထားရပြီဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့က မြန်မာနိုင်ငံ အစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှုဆိုင်ရာ သန္နိဋ္ဌာန်ချမှတ်ထားမှုနှင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ အောင်မြင်မှုများကို အသိအမှတ်ပြုထားပြီဖြစ်သည်။

သို့သော်လည်း နိုင်ငံကြီးအချို့ကမူ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများရှိနေကြောင်း လက်ညှိုးထိုးစွပ်စွဲမှုများ ပြုလုပ်လျက်ရှိနေဆဲဖြစ်သည်။ အဆိုပါ နိုင်ငံကြီးအချို့သည် အပြစ်တင်စွပ်စွဲရုံသာရှိပြီး ကူညီပံ့ပိုးမှုများလုံးဝမရှိသည်ကို တွေ့ရပေသည်။ မြန်မာနိုင်ငံအနေဖြင့် မည်သို့သော အတားအဆီး အဟန့်အတားများရှိနေစေကာမူ မိမိတို့၏ အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် မူးယစ်ဆေးဝါးချုပ်ငြိမ်း ပပျောက်ရေးအတွက် ပြည်တွင်းစွမ်းအားကို အခြေခံ၍ အစွမ်းကုန်တိုက်ဖျက်သွားမည်သာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအမြစ်ပြတ်ပပျောက်ချုပ်ငြိမ်းရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ တက်ကြွသော ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားနိုင်မည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေခြင်းကို အိမ်နီးချင်းအာရပ်နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြသည်။ အိမ်နီးချင်း အာရပ်နိုင်ငံများသည် အမေရိကန်တို့ကို တိုက်ခိုက်သော အီရတ်ပြည်သူများနှင့် စည်းလုံးညီညွတ်မှုရှိပြီး ယခုကဲ့သို့ ကျူးကျော်သူများကို တိုက်ခိုက်ခြင်းသည် တရားမျှတမှန်ကန်ကြောင်း ခံယူထားကြသည်။

ထင်ဟပ်ပြသ

အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများသည် အီရတ်စစ်ပွဲကို ဆန့်ကျင်ကြပြီး အမေရိကန်ကို စစ်ရေးအရ အကူအညီပေးခြင်း မရှိကြသည့်အပြင် အီရတ်စစ်ပွဲကို ကျူးကျော်မှုအဖြစ် ရှုမြင်ကြကာ အမေရိကန်တို့အပေါ် ဆန့်ကျင်သည့် သဘောထားကို လူထုလူတန်းစားအသီးသီးက ထင်ဟပ်ပြသခဲ့ကြသည်။

အမေရိကန်နိုင်ငံ၏ အရှေ့အလယ်ပိုင်းမူဝါဒသည် ယင်းနိုင်ငံ၏ နယ်ချဲ့လိုမှု သရုပ်သကန်ကို ဖော်ညွှန်းနေသည်ဟု ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။ အာရပ်နိုင်ငံ အများစုသည် အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့ကြကာ အီရတ်နိုင်ငံတွင် အမေရိကန်တို့၏ ကျူးကျော်မှုအမြန်ဆုံး အဆုံးသတ်ရန်လိုလားကြသည်။

ကင်းလှည့်စောင့်ကြပ်

အီရတ်နိုင်ငံ တောင်ပိုင်းရှိ ရေနံမြေများကို ခုခံတိုက်ခိုက်သူများက တိုက်ခိုက်ဖျက်ဆီးနိုင်သည့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် နိုင်ငံတောင်ပိုင်းရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များက ကင်းလှည့် စောင့်ကြပ်လျက်ရှိစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကင်းလှည့်ထွက်လာသော သံချပ်ကာယာဉ်

အီရတ်နိုင်ငံ တီကရစ်မြို့တွင် ကင်းလှည့်ထွက်လာသော အမေရိကန် သံချပ်ကာယာဉ်အနီးမှ ဖြတ်လျှောက်သွားသည့် အီရတ်တစ်ဦးကို တွေ့ရစဉ်။ **(ဓာတ်ပုံ–အင်တာနက်)**

ဆန္ဒပြ တောင်းဆို

အီရတ်နိုင်ငံသို့ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စေလွှတ်ခြင်းမပြုရန် တောင်းဆိုသည့် ဆန္ဒပြပွဲကို ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် ဇန်နဝါရီ ၂၄ရက်က ကျင်းပရာ ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်လျက်ရှိစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်လူငယ်များ ပါဝင်ဆန္ဒပြ

ဇန်နဝါရီ ၂၃ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲကျင်းပရာ အီရတ်လူငယ်များ ပါဝင်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံတွင် တစ်လအတွင်း စတုတ္ထမြောက် အမေရိကန်ရဟတ်ယာဉ်ပျက်ကျ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အမေရိကန် အမှတ်(၁၀၁) လေကြောင်းချီတပ်မနှင့် တွဲဖက်ထားသော ကြည်းတပ်မှ အိုအိပ်ချ်-၅၈ ကီအိုဝါ ရဟတ်ယာဉ်တစ်စင်း သောကြာနေ့က ပျက်ကျခဲ့သောကြောင့် ရဟတ်ယာဉ်မှူး နှစ်ဦး သေဆုံးသွားခဲ့ရကြောင်း အမေရိကန်စစ်ဘက်မှ ပြောကြားသည်။ ထိုရဟတ်ယာဉ်မှာ မိုဆူးလ်မြို့ တောင်ဘက်မိုင် ၃၀အကွာရှိ ကိုင်ရာရေး ဒေသအနီးတွင် ည ၈ ခွဲခန့်က ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပျက်ကျခဲ့ရသည့် အကြောင်းကို ရှင်းလင်းစွာမသိရသေးပေ ထိုရဟတ်ယာဉ်နှင့်အတူ ပူးတွဲပျံသန်းသွားသော ဒုတိယရဟတ်ယာဉ်မှ လေယာဉ်မှူးက ရန်လိုသော ပစ်ခတ်မှု တစ်စုံတစ်ရာ မတွေ့ရကြောင်း ပြောကြားသည်ဟု ကနဦး အစီရင်ခံစာတွင် ဖော်ပြကြောင်း သိရသည်။

ယခုရဟတ်ယာဉ်မှူးနှစ်ဦး သေဆုံးရသည့် စာရင်းကိုပါ ထည့်သွင်းရေတွက်လျှင် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း သေဆုံးသူ ၅၀၇ဦး ရှိသွားပြီဖြစ်သည်။ အီရတ်စစ်ပွဲသည် မတ် ၂၀ ရက်တွင် စတင်ဖြစ်ပွားခဲ့သည်။ ထိုရဟတ်ယာဉ်ပျက်ကျမှုသည် တစ်လအတွင်း အီရတ်၌ စတုတ္ထအကြိမ်ဖြစ်ပွားသော အဖြစ်အပျက်ဖြစ်သည်။

ဇန်နဝါရီ၂ရက်နေ့က ဖော်လူဂျာမြို့အနီးတွင် ကြည်းတပ်မှ အိုအိပ်ချ်-၅၈ ကီအိုဝါ ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရ၍ လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ရသည်။ ခြောက်ရက်ခြားပြီးနောက် ဘလက်ဟော့ခ် ရဟတ်ယာဉ်တစ်စင်း ဖော်လူဂျာအနီး၌ပင် ထပ်မံ ပျက်ကျရာ လိုက်ပါလာသူ အမေရိကန်စစ်သည်ကိုးဦးစလုံး အသက်ဆုံးရှုံးသွားကြသည်။

တစ်ဖန် ဇန်နဝါရီ၁၃ ရက်တွင် ကြည်းတပ်မှ တိုက်ခိုက်ရေး အပါချီ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရပြန်သည်။ ပစ်ချခံရသည်ဟု ယူဆသော်လည်း ရဟတ်ယာဉ် အဖွဲ့သားများမှာ လွတ်မြောက်ခဲ့ကြသည်။***အင်တာနက်။***

ဇန်နဝါရီ ၂၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် အစ်ကိုဖြစ်သူအတွက် ပူဆွေးသောကဖြစ်ကာ ငိုကြွေးနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲအစ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ မလုံလောက် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ဖော်ဝန်ခံပြောကြားခဲ့

လန်ဒန် ဇန်နဝါရီ ၂၄

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက အီရတ်စစ်ပွဲအစပိုင်းတွင် ဗြိတိန်တပ်ဖွဲ့ဝင်များအတွက် လိုအပ်သော ထောက်ပံ့ရေးပစ္စည်း မလုံမလောက်ဖြစ်ရသည့် အခက်အခဲနှင့် ကြုံတွေ့ခဲ့ရကြောင်း ဝန်ခံခဲ့ပြီး ထိုအဖြစ်အပျက်မှ သင်ခန်းစာ ထုတ်နုတ်ရယူသွားမည့်အကြောင်း ဖော်ပြခဲ့သည်ဟုဆိုသည်။

တောင်းဆိုချက်

ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် သေဆုံးခဲ့ရသည့်ကိစ္စနှင့် ပတ်သက်၍ ကျန်ရစ်သူ ဇနီးက ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျော့ဟွန်းကို လူသိရှင်ကြား ထုတ်ဖော်တောင်းပန်ရန် တောင်းဆိုခဲ့သည်။ ထိုတောင်းဆိုချက် ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနက စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ မလုံမလောက်ဖြစ်ခဲ့ရကြောင်း ဖော်ပြထားသည့် ထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ယမန်နှစ်က ပင်လယ်ကွေ့ဒေသတွင် တပ်ဖွဲ့ဝင်အင်အား ၄၆၀၀၀ ချထားခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနက အီရတ်စစ်ပွဲဝင် တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးမှုအပိုင်းနှင့်ပတ်သက်၍အခြေအနေများ မည်သို့ရှိသည်ကို သိရှိရန် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ခဲ့သည်။ ဗြိတိန်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ မလုံလောက် သောနေရာများတွင် ထိုပစ္စည်းများကို ဦးစားပေးစနစ်ဖြင့် ဖြန့်ဝေခဲ့ရသည်။ ဥပမာအားဖြင့်ဆိုလျှင် သံချပ်ကာကာ မသုံးရဘဲ ရှေ့တန်း၌ ခြေလျင်တိုက်ခိုက်ရသော တပ်ဖွဲ့ဝင်များအတွက် ပစ္စည်းများကို ဦးစားပေး၍ဖြန့်ပေးခဲ့ကြောင်း ကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သင်ခန်းစာယူရမည်

ကာကွယ်ရေးဝန်ကြီးက အထက်ပါ အဖြစ်အပျက်မှ သင်ခန်းစာရယူသွားမည်ဖြစ်ကြောင်းဟု ဆိုသည်။

အသက် ၃၃ နှစ်အရွယ်ရှိ တပ်ကြပ်ကြီး စတိဗ်ရောဘတ်သည် မတ် ၂၄ ရက်က အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည်။

ကျန်ရစ်သူဇနီးက ထိုကိစ္စကို မကျေနပ်သောကြောင့် စုံစမ်းပေးရန် ဗြိတိန်ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံပြောကြားခဲ့သည်။ တနင်္လာနေ့က တွေ့ဆုံကြရာတွင် စတိဗ်သေဆုံးမှုတွင် တာဝန်ရှိကြောင်း ပြောကြားရန်ကာကွယ်ရေးဝန်ကြီးက ငြင်းဆိုခဲ့ကြောင်း သိရသည်။

စမင်သာရောဘတ်၏ခင်ပွန်း စတိဗ်မှာဘာဆရာမြို့အနီး၌ အီရတ်တိုက်ခိုက်ရေး တပ်များနှင့် တိုက်ပွဲဖြစ်ပွားစဉ် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဤဖြစ်ရပ်သည် ပထမဆုံး ဗြိတိန်၏ အသေအပျောက်ရှိခဲ့သော ကိစ္စဖြစ်သည်။

ဗြိတိန် ကာကွယ်ရေးဌာန၏ ထုတ်ပြန်ချက်အရ အီရတ်စစ်ဆင်ရေးကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၅ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ တရားဝင် ထုတ်ပြန်သော အစီရင်ခံစာတွင် သေဆုံးစဉ်က ရောဘတ်မှာ အမှတ်(၂) ဘုရင့်တင့်ကားတပ်တွင် တာဝန်ထမ်းနေကြောင်း၊ ပထမပိုင်းက ၎င်းကို ကျည်ကာအင်္ကျီအကောင်းစား ထုတ်ပေးထားကြောင်း၊ နောက်ပိုင်းတွင် ဗြိတိန်တပ်ဖွဲ့၌ ကျည်ကာအင်္ကျီ မလုံလောက်သည့်အတွက် ရောဘတ်၏အင်္ကျီကို အခြားတစ်ဦးအတွက် လွှဲပေးရန် အမိန့်ပေးခံရကြောင်း ဖော်ပြထားသည်။ ရောဘတ်မှာ သူ၏ မူလကျည်ကာအင်္ကျီလောက် မကောင်းသော အခြားကျည်ကာအင်္ကျီကိုသာ ရရှိခဲ့သည်ဟု ဆိုသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ စုံစမ်းမှုတွင် အကောင်းစား ကျည်ကာအင်္ကျီသာ ရှိခဲ့လျှင် ရောဘတ်၏အသက်ကို ကယ်တင်နိုင်ကောင်းသည်ဟု မှတ်ချက်ပေးထား သည်ဟုဆိုသည်။

ပေးပို့ခဲ့

စမင်သာရောဘတ်သည် ကာကွယ်ရေးဝန်ကြီး ဟွန်းနှင့် တွေ့ဆုံစဉ် ကာကွယ်ရေးဝန်ကြီးက အီရတ်စစ်ပွဲဖြစ်ပွားချိန်အမီ ထောက်ပံ့ရေးပစ္စည်း ၉၈ ရာခိုင်နှုန်းကို ပေးပို့နိုင်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း ပြန်၍ပြောပြသည်။

ယင်းပြောကြားချက် မဟုတ်နိုင်ဆိုသည်မှာ ရှင်းသည်။ သို့မဟုတ် ဝန်ကြီးက အမြင်မှားအောင် ပြောလိုက်သည်လည်းဖြစ်နိုင်သည်ဟု သူမက ဘီဘီစီရေဒီယိုသို့ ပြန်လည်အသိပေးခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ဟွန်းက ရောဘတ် သေဆုံးရသည့်ကိစ္စမှာ သီးခြားကိစ္စသာဖြစ်ပါသည်ဟု ပြောကြားခဲ့သည်။ စမင်သာရောဘတ်က သူမ၏ ယောကျာ်းသေဆုံးရသည့်ကိစ္စကို မည်သို့ ဆောင်ရွက်သွားမည်ဆိုသည့်အကြောင်းနှင့် တပ်ဖွဲ့ဝင်များအတွက် ပံ့ပိုးပစ္စည်းများ မလုံလောက်ကြောင်းကို ဝန်ခံစေချင်ခြင်းသာဖြစ်သည်ဟု ပြောကြားသည်။

ဗြိတိန် အမျိုးသားစာရင်းစစ်အဖွဲ့က ပြီးခဲ့သော သီတင်းပတ်ကလေ့လာချက် အစီရင်ခံစာထုတ်ဝေခဲ့သည်။ ထိုထုတ်ဝေချက်တွင် ကျည်ကာအင်္ကျီများ လုံလောက်မှု မရှိကြောင်း၊ ထောက်ပံ့ရေး ပစ္စည်းများ ဖြန့်ဖြူးမှုကိစ္စတွင် အခက်အခဲရှိခဲ့ကြောင်း ဖော်ပြထားသည်ဟုဆိုသည်။ ***အင်တာနက်။***

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ နိုင်ငံတော် မိန့်ခွန်း မပြောကြားမီ အမေရိကန် ကွန်ဂရက်လွှတ်တော်ရှေ့တွင် ဘုရှ်က လိမ်လည်လှည့်ဖြားကာ အီရတ်နိုင်ငံအား စစ်ပွဲဆင်နွှဲခဲ့သည်ဆိုသော စာတန်းပိုစတာကိုင်လျက် အမေရိကန်နိုင်ငံသားတစ်ဦး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂလုံခြုံရေး ကိုယ်စားလှယ်အဖွဲ့ အီရတ်သို့ သုံးလအတွင်း ပထမအကြိမ်အဖြစ် ရောက်ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

ရှီးယားထိပ်တန်း ဘာသာရေးခေါင်းဆောင်တစ်ဦးက အာဏာလွှဲပြောင်းပေးရေးအတွက် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ အစီအစဉ်ကို ဆန့်ကျင်ကန့်ကွက်မှုများ အဆုံးသတ်စေရန် တိုက်တွန်းခဲ့မှုနှင့် ရဟတ်ယာဉ်ပျက်ကျမှုတစ်ခုတွင် နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့မှုတို့ကြောင့် ကုလသမဂ္ဂအဖွဲ့၏ လုံခြုံရေးအဖွဲ့ တစ်ဖွဲ့သည် သုံးလအတွင်း ပထမအကြိမ်အဖြစ် ဘဂ္ဂဒက်မြို့သို့ ရောက်ရှိလာခဲ့သည်။

ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့၏ ဌာနချုပ်ရုံးကို နှစ်ကြိမ်တိုင် တိုက်ခိုက်မှုများ ခံရပြီးနောက်၊ ကုလသမဂ္ဂဝန်ထမ်းများအား အီရတ်နိုင်ငံမှ ပြန်လည်ခေါ်ယူခဲ့သော အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ ကိုးလကြာ သိမ်းပိုက်ထားသည့် အစီအစဉ်နိဂုံးချုပ်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီး၏ အနာဂတ်အခန်းကဏ္ဍနှင့် ပတ်သက်၍ မိမိ၏ အစီအစဉ်များကို မကြာမီ ကြေညာမည်ဟု ကတိပေး ပြောကြားခဲ့သည်။ သောကြာနေ့က ဘဂ္ဂဒက်သို့ ရောက်ရှိခဲ့သောအဖွဲ့က အပေါင်းပါ တပ်ဖွဲ့နှင့် ၎င်းတို့ ဆက်သွယ်ရေး လမ်းကြောင်း ဖွင့်လှစ်ရေးကိုသာ တောင်းဆိုခဲ့ပြီး ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့ အပြည့်အဝ ပြန်လည်ဝင်ရောက်လာရေးအတွက် လုံခြုံမှု ရှိ၊ မရှိ ဆိုသည်ကို အကဲဖြတ်ခဲ့ခြင်းမရှိကြောင်း ကုလသမဂ္ဂ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂဝန်ထမ်းများ လှုပ်ရှားဆောင်ရွက်ချက်များနှင့် ပစ္စည်းများ၏ လုံခြုံရေးအတွက် အစီအစဉ်ရေးဆွဲရာတွင် လုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ အပေါင်းပါတပ်ဖွဲ့နှင့် တိုက်ရိုက်ဆက်သွယ်ရေး လမ်းကြောင်းဖွင့်လှစ်ရန် လိုအပ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ် စတက်ဖနီဒူယာရစ်က ပြောကြားခဲ့သည်။

ထို့ပြင်လာမည့်သီတင်းပတ်အတွင်း ကြေညာမည်ဟု ၎င်းက မျှော်လင့်ထားသကဲ့သို့ ကိုဖီအာနန်က ကုလသမဂ္ဂအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့များ အပြည့်အစုံ ပြန်လာရေးအတွက် ကြေညာမည်ဆိုပါက လုံခြုံရေးကိစ္စကို သီးသန့်အကဲဖြတ်ရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း ဒူယာရစ်က ပြောကြားခဲ့သည်။

အင်တာနက်။

ဒီဇင်ဘာလအတွင်းက အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်ကို ဖမ်းမိသော်လည်း အမေရိကန် ကျူးကျော်သူများအပေါ် ဆန့်ကျင်တိုက်ခိုက်မှုများ လျော့နည်းသွားခြင်းမရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

လွန်ခဲ့သော ၂၄ နာရီအချိန်အတွင်း အီရတ်နိုင်ငံတစ်ဝန်း ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အီရတ်လူမျိုးခုနစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးတို့ သေဆုံးခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာ အစီရင်ခံစာများက ဖော်ပြသည်။

ပြီးခဲ့သော ကြာသပတေးနေ့တွင် တိုက်ခိုက်ရေးသမားများက ဖော်လူဂျာမြို့နှင့် ရာမာဒီမြို့အကြားရှိ စစ်ဆေးရေးဂိတ်တစ်ခုကို သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ထိုပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးသွားပြီး အခြားသုံးဦး ဒဏ်ရာရရှိသွားကြသည်။ ထိုဒေသသည် ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက်၌တည်ရှိပြီး အမေရိကန်ဆန့်ကျင်ရေးလှုပ်ရှားမှု ပြင်းထန်သည့် ဒေသဖြစ်သည်။

ကားတစ်စီးထိမှန်

အခင်းဖြစ်ပွားခဲ့သော လမ်းမကြီးပေါ်၌ပင် ယမန်နေ့ကလည်း ပစ်ခတ်တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သေးသည်။ ထိုစဉ်က ဟာဘာနီယာရှိ အမေရိကန်စစ်စခန်းအနီး၌ ခရီးသွားနေသော ကားတစ်စီး ထိမှန်ခံခဲ့ရပြီး ခရီးသည် အမျိုးသမီးလေးဦး သေဆုံးသွားသည်။

သေဆုံးသူ အမျိုးသမီးများသည် စစ်စခန်းရှိ ခဝါလုပ်ငန်း၌ အလုပ်လုပ်နေကြသူများ ဖြစ်သည်ဟုဆိုသည်။ ဟာဘာနီယာမြို့သည် ဘဂ္ဂဒက်မြို့၏ အနောက်ဘက် ကီလိုမီတာ ၈၀ အကွာတွင် တည်ရှိသည်။

ဘာဆရာမြို့တွင် သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ ယခင် အီရတ်နိုင်ငံ၏ အာဏာရဘာသ်ပါတီမှအကြီးတန်း အရာရှိတစ်ဦး၏ ၂၃ နှစ် အရွယ်ရှိ သားတစ်ယောက် ထိမှန်သေဆုံးခဲ့ရကြောင်း သိရသည်။

လျော့ပါးသွားခြင်းမရှိ

ဒီဇင်ဘာလအတွင်းက ခေါင်းဆောင်ဟောင်း ဆက်ဒမ်ကို ဖမ်းမိသွားခဲ့သော်လည်း အမေရိကန်ကျူးကျော်သူများအပေါ် ဆန့်ကျင်တိုက်ခိုက်မှုများမှာ လျော့ပါးသွားခြင်းမရှိဟု ဆိုသည်။

ဘာကူဘာမြို့အနီးရှိ အမေရိကန်စစ်စခန်းကို ဗုဒ္ဓဟူးနေ့နှောင်းပိုင်းက ဗုံးများ၊ စိန်ပြောင်းများနှင့် ပစ်ခတ်ခံခဲ့ရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားသည်။

လက်တုံ့ပြန်

ထိုမြို့သည် ဘဂ္ဂဒက်၏ အရှေ့မြောက်ဘက် ၅၅ ကီလိုမီတာ အကွာတွင် တည်ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက လက်တုံ့ပြန် ပစ်ခတ်ခဲ့ရာ အရပ်သားနေအိမ်တစ်လုံး ပျက်စီးသွားသည်ဟု မျက်မြင်တွေ့ရှိသူများက ဆိုသည်။

ယခုနောက်ဆုံး အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက် စာရင်းကိုပါ ထည့်သွင်းရေတွက်လျှင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ စုစုပေါင်း အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှုမှာ ၅၀၅ ဦးရှိသွားပြီဖြစ်သည်။

ဆောင်ရွက်နိုင်ခဲ့

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်တွင် နေ့စဉ်လိုလို သေဆုံး၊ ဒဏ်ရာရမှုများ ရှိနေသည်။ သို့သော် အမေရိကန်စစ်ဦးစီးမှူးတစ်ဦးက ဆက်ဒမ်ဟူစိန်ကို ဖမ်းမိပြီးချိန်မှစ၍ ခုခံရေးသမားများကို အားပျော့သွားအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု ပြောကြားလိုက်သည်။ ဆက်ဒမ်ကို ဖမ်းမိသည့်ကိစ္စကြောင့် အီရတ်ခုခံရေးသမားများကို စိတ်ဓာတ်နှင့် စစ်ရေးအရပါ အထိနာသွားစေခဲ့ကြောင်း ဗိုလ်ချုပ်ရေမွန်အိုဒီရာအိုက ပြောကြားသည်။ ***အင်တာနက်။***

ဇန်နဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ ဆာမာဝါမြို့တွင် ကင်းလှည့်ထွက်လာသည့် အမေရိကန်စစ်ယာဉ်တန်းကို ထရပ်ကားဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့ပြီးနောက် ဗုံးကွဲရာနေရာ၌ မြေကျင်းကြီးဖြစ်ပေါ်ကျန်ခဲ့စဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ ပိတ်ပင်လက်နက်များ စုဆောင်းထားသည်ဟု မယုံကြည် ရာထူးမှ နုတ်ထွက်သွားသည့် အမေရိကန် လက်နက်စစ်ဆေးရေးမှူးချုပ် ဒေးဗစ်ကေး ပြောဆို

ဝါရှင်တန် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံမှ ပိတ်ပင်တားမြစ်ထားသည့် လက်နက်များ ရှာဖွေရေးအတွက် အမေရိကန်ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲအဖြစ်မှ ဒေးဗစ်ကေးသည် သောကြာနေ့တွင် နုတ်ထွက်လိုက်ပြီး အီရတ်နိုင်ငံတွင် ဓာတုနှင့် ဇီဝလက်နက် အများအပြား စုဆောင်းထားသည်ဟု မယုံကြည်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ယင်းလက်နက်များ ရှိနေမှုကြောင့် အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်မှုသည် တရားမျှတမှုရှိကြောင်း ပြောကြားထားသည့် ဘုရှ်အစိုးရကို တိုက်ရိုက် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ကေးက အီရတ်နိုင်ငံတွင် အဆိုပါလက်နက်အများအပြား စုဆောင်းထားသည်ကို တွေ့ရှိလိမ့်မည် မဟုတ်ဟု မိမိကောက်ချက်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနနှင့် တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

လူတိုင်းပြောဆို

ယင်းလက်နက်များ အီရတ်၌ရှိသည်ဟု မထင်မြင်ကြောင်း၊ လူတိုင်းက ပြောနေကြသည်မှာ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲ ပြီးဆုံးခဲ့ပြီးနောက်တွင် ယင်းလက်နက် အများအပြားကို ထုတ်လုပ်ခဲ့သည်ဆိုခြင်းပင်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များ၌ ယင်းလက်နက်များ ထုတ်လုပ်သည့် အစီအစဉ် ရှိသည်ဟု မိမိ မထင်ကြောင်း ၎င်းက ပြောကြားသည်။

ကြေညာ

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ချားလ်စ်ဒူယယ်ဖာသည် အမေရိကန်၏ လက်နက်စစ်ဆေးရေးမှူးချုပ်အဖြစ် ကေး၏ နေရာတွင် ဆက်ခံမည်ဟု အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က စောစောပိုင်းတွင် ထုတ်ပြန်ကြေညာသည်။

ဒွိဟဖြစ်

အီရတ်၌ သမားရိုးကျ မဟုတ်သည့် လက်နက်များ ရှာဖွေတွေ့ရှိလိမ့်မည်ဆိုသည့်အချက်နှင့် ပတ်သက်၍ ဒွိဟဖြစ်ခဲ့ကြောင်း ဒူယယ်ဖာက ယခင်ကတည်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ရှုပ်ထွေးသည့် ကိစ္စများကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ရကြောင်းနှင့် တစ်စိတ်တစ်ဒေသအနေဖြင့်လူအင်အား၊ ငွေကြေးအင်အား လျော့နည်းမှုနှင့်အီရတ်လေ့လာရေးအုပ်စု(အိုင်အက်စ်ဂျီ)၏ အလေးထားမှုတွင် အပြောင်းအလဲဖြစ်မှုတို့ ပါဝင်ကြောင်း ကေးက ပြောကြားသည်။

လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ ရှာဖွေမှုမှ အီရတ်ခုခံတွန်းလှန်သူများအား နှိမ်နင်းရေးဘက်သို့ အိုင်အက်စ်ဂျီ အကဲခတ်သမားများအား အာရုံပြောင်းလွှဲစေခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တောင်ပိုင်း၌ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံး

အယ်လ်အာမာရာ(အီရတ်) ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံတောင်ပိုင်းရှိ အယ်လ်အာမာရာမြို့တွင် ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးသည် ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးသွားသည်ဟု အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ ပြောဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ သတင်းပေးသည်ဟုဆို၏။

ပြီးခဲ့သော ကြာသပတေးနေ့က ဗြိတိသျှတပ်ဖွဲ့မှ ဗိုလ်မှူးစမစ်က မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်ဟု ပြောကြားခဲ့သည်။

ဗြိတိသျှစစ်ဘက်က အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ အသေးစိတ်ပြောကြားခြင်း မရှိပေ။ သို့သော် မျက်မြင်တွေ့ရှိသူများက မတော်တဆမှုမှာ မွန်းလွဲ ၁ နာရီခန့်တွင် ဖြစ်ပွားခဲ့သည်ဟုဆို၏။

— သံတန်းနှင့် တိုက်မိ —

အခင်းဖြစ်ပွားချိန်၌ ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦးသည် ၎င်းတို့၏ ယာဉ်နောက်ပိုင်း၌ ရပ်နေသည်ကို တွေ့ရကြောင်း၊ ထိုယာဉ်မှာ မြို့ထဲရှိ အဓိကတံတားကို ဖြတ်သန်းစဉ် သံတန်းနှင့် ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောပြသည်။ တပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရသွားသေးကြောင်း သိရသည်။ ***အင်တာနက်။***

မီးလောင်ကျွမ်း

ဇန်နဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ ဆာမာရာမြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် မီးလောင်ကျွမ်းနေသည့် ယာဉ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အရှေ့အလယ်ပိုင်း၌ ဒီမိုကရေစီထွန်းကားရန် အမေရိကန်၏ လှုံ့ဆော်မှု ဟန်ဆောင်ပြောကြားခြင်းသာဖြစ်သည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ဝေဖန်ပြစ်တင်

ဒါဗို့စ်(ဆွစ်ဇာလန်) ဇန်နဝါရီ ၂၄

အမေရိကန်အနေဖြင့် အစ္စရေး–အာရပ် ပဋိပက္ခ၌ စံနှုန်းနှစ်မျိုး ကျင့်သုံးနေမှုကို ကနဦး အဆုံးသတ်သင့်ကြောင်း ပြောကြားကာ အရှေ့အလယ်ပိုင်းဒေသ၌ အမေရိကန်၏ ဒီမိုကရေစီ လှုံ့ဆော်မှုသည် ဟန်ဆောင်ပြောကြားခြင်းသာဖြစ်ကြောင်း အာရပ်နှင့် မွတ်စလင်ခေါင်းဆောင်များက သောကြာနေ့တွင် ဝေဖန်ပြစ်တင်လိုက်သည်။

အမေရိကန်သည် အာရပ်နှင့် မွတ်စလင်နိုင်ငံများအား လက်နက်ဖျက်သိမ်းရန် ဖိအားပေးနေသော်လည်း အစ္စရေး၏ လူအစုအပြုံအလိုက် သေစေနိုင်သည့် လက်နက်များကိုမူ လျစ်လျူရှုနေကြောင်း ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် ကျင်းပနေသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ၌ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အီရန်နိုင်ငံတို့မှ ဝါရင့်တာဝန်ရှိပုဂ္ဂိုလ်များက စွပ်စွဲပြောကြားလိုက်သည်။

ဒီမိုကရေစီ သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လုပ်ရှားမှု၏ အသွင်သဏ္ဌာန်သည် လူ့အဖွဲ့အစည်းများအတွင်းမှ ဖြစ်ထွန်းလာရမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံမှ မင်းသား ကာကီအယ်–ဖိုင်ဆယ်က ပြောကြားသည်။ ၎င်းသည် ဗြိတိန်နိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ သံအမတ်ကြီးဖြစ်သည်။ အမေရိကန်သည် အရှေ့အလယ်ပိုင်း ဒီမိုကရေစီထွန်းကားရေးအကြောင်း ဖွင့်ဟပြောဆိုနေကြောင်း၊ သို့ရာတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဒီမိုကရေစီကျကျ ရွေးချယ်တင်မြှောက်ထားသည့် ခေါင်းဆောင်အနည်းငယ်အနက် တစ်ဦးဖြစ်သည့် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်ကို အသိအမှတ်ပြုရန် ငြင်းဆန်နေကြောင်း ၎င်းက ပြစ်တင်လိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကျိုက္ကလော့မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့စေတီတော်မြတ်ကြီးအနီးရှိ ကျိုက္ကလော့ပရိယတ္တိစာသင်တိုက်၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျိုက္ကလော့ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဇန်နဝါရီ ၃၀ ရက်မှ စ၍ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီအရောက် စာရင်းသွင်းကြရန်နှင့် ဆွမ်းလှူဖွယ်ဝတ္ထုလှူဒါန်းလိုသူများ ဖုန်း-၆၃၅၆၃၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြို့ခြံချောတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ပြည်ပသို့ ခရီးထွက်ခွာမည့်သူများအတွက် အခွန်ဆိုင်ရာ သိကောင်းစရာ

မောင်ဘဏ္ဍာ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝင်ငွေခွန်နှင့် အမြတ်ခွန်ဌာနခွဲ လက်အောက်ရှိ "ပြည်ပသို့ထွက်ခွာမည့်သူများအား စိစစ်ရေးအဖွဲ့"မှ အခွန်ဆိုင်ရာ ဆောင်ရွက်နေပုံ အခြေအနေများကို ပြည်သူတို့ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန် ရည်ရွယ်၍ ဤဦးလေးကြီးနှင့် ထွန်းတို့၏ အမေး၊အဖြေဆောင်းပါးကို ရေးသားတင်ပြအပ်ပါသည်။

ဦးလေးကြီး။ ဟော့၊ မောင်ထွန်းမြင့် မင်းလာတာနဲ့အတော်ပဲ မင်းတို့အခွန်ဌာနက နိုင်ငံခြားသွားမယ့်သူတွေကိုအခွန်ကောက် နေတယ်ဆို။ သွားတဲ့လူတိုင်း အခွန်ဆောင်ရမှာလား။ ဘယ်လောက် ဆောင်ရမှာလဲကွ။

ထွန်း။ ဟာ၊ မဟုတ်ပါဘူးဦးလေးရ။ ကျွန်တော်တို့ဌာနရဲ့ ဝင်ငွေခွန် ဥပဒေပုဒ်မ ၃၈(က)မှာ "မည်သူမဆို၊ မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက၊ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း (သို့မဟုတ်) တာဝန်ရှိသည့်အခွန်ကို ပေးဆောင်ရန် စီမံပြီးကြောင်း သက်သေခံလက်မှတ်ကို ဤကိစ္စအတွက် အစိုးရက တာဝန်လွှဲအပ်သောအဖွဲ့ထံမှ မရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ"လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်နဲ့အညီ မြန်မာနိုင်ငံကနေ ပြည်ပကို ကိစ္စတစ်ခုခုနဲ့ ထွက်ခွာသွားမယ့်သူတိုင်းဟာ သက်ဆိုင်ရာ နိုင်ငံကူးလက်မှတ် ရရှိပြီးတဲ့နောက် အခွန် ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို ရယူဖို့လိုမှာ ဦးလေးရ။ ဒါ့ကြောင့် ပြည်ပကို ထွက်ခွာသွားမယ့်သူတွေကို အခွန်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်နဲ့အညီ စိစစ်ဆောင်ရွက်ပြီး အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ် ထုတ်ပေးနိုင်ဖို့အတွက် "ပြည်ပသို့ ထွက်ခွာသွားမည့်သူများအား စိစစ်ရေးအဖွဲ့"ကို ပြည်တွင်းအခွန်များဦးစီးဌာနမှာ ၁၉၈၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှာ စနစ်တကျ ပြန်လည်ဖွဲ့စည်း ခဲ့ပါတယ်။ အဲဒီဌာနကနေ စိစစ်ပြီး အခွန်ပေးဆောင်ရမယ့်သူနဲ့ အခွန်ပေးဆောင်ရန်မလိုတဲ့သူဆိုပြီး ခွဲခြားဆောင်ရွက်ပေးနေပါတယ်။

ဦးလေးကြီး။ ဘယ်လိုကွာ၊ အခွန်ပေးရမယ့်သူ၊ မပေးရမယ့်သူဆိုတာ ဘယ်လိုခွဲလဲကွ။

ထွန်း။ ဒီလိုဦးလေးရ။ အခွန်ဆိုင်ရာ ဥပဒေနဲ့ စည်းမျဉ်းတွေအရ အခွန်ကင်းရှင်းကြောင်း သက်သေခံ လက်မှတ်မလိုအပ်ဘဲ ကင်းလွတ်ခွင့်ရှိတဲ့သူတွေကတော့ အသက် ၁၈ နှစ်အောက်လူငယ်တွေ၊ ခရီးစဉ်အရသာ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းသွားလာတာဖြစ်ပြီးပြည်ပက ဝင်လာစဉ်ထဲက အပြန်လက်မှတ်ယူလာပြီး ပြည်တွင်းမှာ ရက်ပေါင်း ကိုးဆယ်ထက်ပိုမနေတဲ့ ခရီးသည်တွေ၊ နိုင်ငံခြားတိုင်းပြည်တွေက သံတမန်တွေနဲ့ သူတို့မိသားစုတွေ၊ နိုင်ငံခြားတိုင်းပြည်တွေက လာရောက် လုပ်ငန်းလုပ်ကိုင်သူ အစိုးရဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေ၊ နိုင်ငံတော်ရဲ့ ဖိတ်ကြားချက်အရ လာရောက်တဲ့ ကုလသမဂ္ဂနဲ့ လက်အောက်ခံအဖွဲ့အစည်းများက ဝန်ထမ်းတွေနဲ့ သူတို့မိသားစုဝင်တွေ၊ ပြီးတော့ ပြည်ပသို့ ထွက်ခွာသွားရန် ပြည်နှင်ဒဏ် အမိန့်ချမှတ်ခံရသူတွေပါပဲ။ အဲဒီလူတွေကလွဲရင် ကျန်လူတွေအားလုံးဟာ ပြည်ပကိုထွက်ခွာတော့မယ်ဆိုရင်အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ရယူဖို့ လိုမှာဖြစ်ပါတယ်။

ဦးလေးကြီး။ ဒါဆို အခွန်ဆောင်ရမယ့် သူတွေက ဘယ်လိုအခွန်တွေဆောင်ရမှာလဲကွ။

ထွန်း။ ဒီလို၊ ဦးလေးရ။ ပြည်ပကို ထွက်ခွာမယ့်သူဟာ ပထမဆုံး မိမိနေထိုင်ရာမြို့နယ်မှာရှိတဲ့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှာ တစ်ဦးချင်းဆိုရင် အခွန်ဆိုင်ရာ သတ်မှတ်ပုံစံများဖြစ်တဲ့ ပုံစံ(အမခ-၁၇)ကို ယူဖို့ လုပ်ရမှာဖြစ်ပြီး၊ ကုမ္ပဏီကလူဆိုရင် ပုံစံ (ကသခ-၂၄)ကို ယူဖို့လျှောက်ထားဆောင်ရွက်ရမှာ ဦးလေးရ။

ဦးလေးကြီး။ အဲဒီ မင်းပြောတဲ့ပုံစံတွေရဖို့ ဘယ်လိုလုပ်ရမှာလဲကွ။

ထွန်း။ မြို့နယ်အခွန်ဦးစီးမှူးရုံးကို သက်ဆိုင်ရာပုံစံတွေရဖို့အတွက် လျှောက်ထားတဲ့နေရာမှာ လျှောက်ထားသူရဲ့ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနဲ့ မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းနဲ့ မိတ္တူ၊ ပြည်ပကို သွားရောက်လိုတဲ့အကြောင်း(အလုပ်ခန့်စာ၊ ဖိတ်ခေါ်စာ) အပါအဝင် နိုင်ငံကူးလက်မှတ်စတဲ့ အထောက်အထားတွေနဲ့ လျှောက်ထားရမှာဖြစ်မှာပါ။ အဲဒီနောက် မြို့နယ်အခွန်ဦးစီးရုံးက လျှောက်ထားတဲ့သူအပေါ် အခွန်စည်းကြပ်ရန်ရှိ၊ မရှိ စိစစ်ပြီး၊ ရှိရင်စည်းကြပ်မှာဖြစ်ပါတယ်။ ရက်သိပ်နီးကပ်နေပြီး၊ စည်းကြပ်မှုပြုဖို့ အချိန်မရတော့ဘူးဆိုရင်တော့ ပေးဆောင်ရမယ့် အခွန်နဲ့ပတ်သက်ပြီး ကာယကံရှင်က လုံလောက်တဲ့ အစီအမံများ လုပ်ဆောင်ခဲ့ရမှာဖြစ်ပါတယ်။ ဒါမှ သတ်မှတ်ထားတဲ့ အခွန်ဆိုင်ရာ ပုံစံကို ထုတ်ပေးမှာပါ။

ဦးလေးကြီး။ အေး၊ အဲဒီပုံစံတွေရပြီးတဲ့နောက် ဘာဆက်လုပ်ရဦးမှာလဲကွ။

ထွန်း။ ဟုတ်ကဲ့၊ ပြည်ပထွက်ခွာမယ့်သူတွေဟာ အခွန်ဆိုင်ရာ သတ်မှတ်ပုံစံတွေ ရရှိပြီးတဲ့အခါမှာ အမှတ်(၁၆၃/၁၆၇) မြေညီထပ်၊ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်ပသို့ထွက်ခွာမယ့်သူများဟာ စိစစ်ရေးအဖွဲ့ကို လာပြီးတော့အခွန်ဆိုင်ရာသတ်မှတ်ပုံစံများပြပြီး၊ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို ရယူရမှာဖြစ်ပါတယ်။အခွန်ကင်းရှင်းကြောင်းသက်သေခံလက်မှတ် လျှောက်ထားသူများအနေနဲ့ ပတ်စပို့အရွယ် ဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မူရင်းနဲ့မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းနဲ့မိတ္တူ၊ မိမိနေထိုင်ရာနဲ့ လုပ်ငန်းတည်ရှိရာ မြို့နယ်တွေက ထုတ်ပေးတဲ့ပုံစံ(အမခ-၁၇) (သို့)ပုံစံ (ကသခ-၂၄) မူရင်းတွေ နိုင်ငံကူးလက်မှတ်မူရင်းမိတ္တူ အပြင် အလုပ်ခန့်စာ၊ခေါ်စာ၊ ဖိတ်စာမူရင်းနဲ့ မိတ္တူတို့ကို ပြရမှာ ဖြစ်ပါတယ်။

ဦးလေးကြီး။ နေပါဦးကွ၊ ပြည်ပကိုသွားကြတဲ့ လူတွေထဲမှာ ဘယ်လိုကိစ္စတွေနဲ့ သွားကြတာလဲ။

ထွန်း။ ပြည်ပကိုထွက်ကြတဲ့လူတွေကို အမျိုးအစားခွဲရင် ခုနစ်မျိုးလောက်ရှိတယ် ဦးလေးရ။ အဲဒါတွေကတော့ ပြည်ပမှာ အလုပ်လုပ်ဖို့ သွားတဲ့သူတွေ၊ မှီခိုအနေနဲ့ သွားတဲ့သူတွေ၊ ကုန်သွယ်ရေးကိစ္စနဲ့ သွားတဲ့သူတွေ၊ ဘာသာရေးကိစ္စအတွက် သွားတဲ့သူတွေ၊ သင်္ဘောသားအလုပ်အတွက် သွားတဲ့သူတွေ၊ ပြည်တွင်းမှာနေပြီးတော့ နိုင်ငံခြားကို ခေတ္တပြန်ကြတဲ့ နိုင်ငံခြားသားတွေနဲ့ ပြည်ပကို အပြီးအပိုင်ထွက်သွားကြတဲ့သူတွေ ဖြစ်ပါတယ်။ အဲဒီအပြင် အလည်အပတ်သွားသူတွေ၊ အစည်းအဝေးတက်ဖို့ သွားသူတွေ၊ သင်တန်းတက်ဖို့ သွားသူတွေ၊ ကျန်းမာရေးကိစ္စအတွက် သွားတဲ့သူတွေ အစုံပါပဲ ဦးလေးရာ။

ဦးလေးကြီး။ အေးပေါ့လေ ကိစ္စတွေက အများကြီးဆိုတော့ အမျိုးအစားတွေလည်းများမှာပေါ့။ ဒါနဲ့ဘဏ်မှာ အာမခံငွေသွင်းရသေးတယ်ဆိုကွ။

ထွန်း။ ဒါက ဒီလိုဦးလေးရ။ ပြည်ပမှာ အလုပ်သွားလုပ်မယ့်သူတွေအတွက်ပါ။ ကျွန်တော်တို့ ပြည်တွင်း အခွန်ဥပဒေရဲ့ ဝင်ငွေခွန်နည်းဥပဒေအရ ပြည်ပက ရမယ့်စုစုပေါင်းဝင်ငွေအပေါ် ပေးဆောင်ရမယ့် ဝင်ငွေခွန်ကောက်ဖို့အတွက် သင့်လျော်တဲ့ အစီအမံကြိုတင်လုပ်တာပါ။ အဲဒီအတွက် ပြည်ပကို မထွက်ခွာခင် ဝင်ငွေခွန်အတွက် ဘဏ်အာမခံငွေ ပေးသွင်းသွားစေတာဖြစ်ပါတယ်။

ဦးလေးကြီး။ အလုပ်မလုပ်ခင် ကြိုပေးရမယ်ဆိုတော့ ဘယ်လောက်သွင်းရမှာလဲ။ အများကြီးလားကွ။

ထွန်း။ အများကြီး မဟုတ်ပါဘူး ဦးလေးရ။ သွားအလုပ်လုပ်ရမယ့် နိုင်ငံအလိုက် သတ်မှတ်ထားတဲ့ အနိမ့်ဆုံးလစာဝင်ငွေရဲ့ ၁၀ရာခိုင်နှုန်းကို သုံးနှစ်အတွက် တရားဝင်လဲလှယ်နှုန်းအရ ကျပ်ငွေနဲ့တွက်ချက်ပြီး ကျသင့်တဲ့ငွေကို ဘဏ်မှာသွင်းရမှာပါ။ ဥပမာ- မလေးရှားနိုင်ငံကို သွားအလုပ်လုပ်မယ့်သူတစ်ဦးဟာ အနိမ့်ဆုံးလစာဝင်ငွေအဖြစ် တစ်လကို မလေးရှားနိုင်ငံသုံး ရင်းဂစ် ၄၅၀ သတ်မှတ်ထားတဲ့အတွက် သူရမယ့် စုစုပေါင်းလစာဝင်ငွေရဲ့ ၁၀ ရာခိုင်နှုန်းဖြစ်တဲ့ မလေးရှား ရင်းဂစ် ၄၅ ကို တစ်လအတွက် ဝင်ငွေခွန်အဖြစ် သတ်မှတ်ပါတယ်။ သုံးနှစ်အတွက်ဆိုတော့ ရင်းဂစ် ၁၆၂၀ ဝင်ငွေခွန် ကျသင့်မှာဖြစ်ပါတယ်။ တရားဝင်ငွေ လဲလှယ်နှုန်းအရ တွက်ချက်တော့ မလေးရှားနိုင်ငံကို သွားမယ့်သူဆိုရင် မြန်မာကျပ်ငွေ ၄၅၀၀ ခန့်ကို သက်ဆိုင်ရာဘဏ်မှာ ဘဏ်အာမခံငွေအဖြစ် ပေးသွင်းသွားရမှာဖြစ်ပါတယ်။

ဦးလေးကြီး။ အေး၊ ဒီလောက်ဆိုရင်တော့ မဆိုးပါဘူးကွာ။ အဲဒီငွေက အာမခံငွေဆိုတော့ ပြန်မရတော့ဘူးလား။

ထွန်း။ ဘဏ်မှာသွင်းထားခဲ့တဲ့ အာမခံငွေကို သူ မြန်မာနိုင်ငံ ပြန်ရောက်တဲ့အခါ ပြန်ပြီးထုတ်ယူဖို့ လျှောက်ထားနိုင်ပါတယ်။ လျှောက်ထားတဲ့အခါ သက်ဆိုင်ရာ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတို့မှာ ပေးဆောင်ခဲ့တဲ့ အခွန်ပြေစာ၊ ပုံစံ(အမခ-၁၉)မူရင်း၊ ပြန်လည်ရောက်ရှိကြောင်း နေ့ရက်နဲ့ အထောက်အထားဖြစ်တဲ့ အပြန်လေယာဉ်လက်မှတ်တို့ကို တင်ပြပြီး ငွေပြန်ထုတ်ယူနိုင်ပါတယ်။

ဦးလေးကြီး။ ပြည်ပကို အုပ်စုလိုက်သွားတဲ့သူတွေဆိုရင် ဘယ်လိုလုပ်မလဲကွ။

ထွန်း။ အုပ်စုလိုက် ဘုရားဖူးသွားကြမယ့်သူတွေ၊ သင်တန်းတက်ရောက်ဖို့ ထွက်ခွာကြမယ့်သူတွေ၊ ကုန်စည်ပြပွဲများကို သွားရောက်ကြမယ့်သူတွေ အခက်အခဲမရှိစေဖို့နဲ့ လျင်မြန်လွယ်ကူစေဖို့အတွက် တစ်စုတစ်စည်းတည်း သီးသန့် ဆောင်ရွက်ပေးနေပါတယ် ဦးလေးရ။

ဦးလေးကြီး။ အေး၊ ဒီလိုဆိုတော့လဲ မင်းတို့ဟာ ရှင်းလင်းပြီး လွယ်ကူသားပဲကွ။ ။

(Education Directory and Guide for Everyone)ကို MMRD Publication Services အမှတ်(၁၇) ဒုတိယထပ် သိမ်ကြီးဈေး(E)ရဲ့ မဟာဗန္ဓုလလမ်းနှင့် ရွှေတိဂုံဘုရားလမ်း ထောင့် လသာမြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေလိုက်သည်။ရန်ကုန်အပိုင်းကဏ္ဍနှင့် မန္တလေးအပိုင်းကဏ္ဍဟူ၍ နှစ်ပိုင်းခွဲခြားပြီး လိပ်စာ၊ဖုန်းနံပါတ်၊ ဖက်(စ်)၊ အီးမေးလ်များပါ ထည့်သွင်းဖော်ပြလမ်းညွှန်ထားသည်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအတွက် နှစ်စဉ်လှူဒါန်းသော ဆေးပဒေသာပင် အလှူငွေကျပ် ၇၀၀၀၀ ကို ဇန်နဝါရီ ၂၁ ရက်က ဆေးရုံအုပ်ကြီးရုံးခန်းတွင် ပေးအပ်လှူဒါန်းရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချွေးချွေးရှိန်အား ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်စဉ်။ (၃၂)

ရန်ကုန်-မန္တလေး ပညာရေးလမ်းညွှန်

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၀၃-၂၀၀၄ ခုနှစ်အတွက် ရန်ကုန်နှင့်မန္တလေး ပညာရေးလမ်းညွှန်

နွေရာသီယမိုက်
ပဋ္ဌာန်းအထူးသင်တန်း

ရန်ကုန် ဇန်နဝါရီ ၂၅

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ (၁၃)ကြိမ်မြောက် နွေရာသီယမိုက်-ပဋ္ဌာန်းအထူးသင်တန်းကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၆ ရက် (စနေနေ့)မှ နယုန်လဆန်း ၁၁ ရက်(စနေနေ့)ထိ ကျင်းပသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော သံဃာတော်များ စာရင်းပေးသွင်းနိုင်ကြပြီး ကဆုန်လဆန်း ၅ ရက်အရောက် ကြွရောက်ရန်နှင့် လှူဒါန်းလိုပါက ဖုန်း-၆၄၀၀၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ်(အင်္ဂလိပ်စာ) (ခ) ဒုတိယနှစ်(သမိုင်း)
၅:၃၀	၁၀။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၃၅	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၇။	မြန်မာ့လက်သီး
၇:၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၁၀)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး (အပိုင်း-၂၂)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာကြီးတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဖေဖော်ဝါရီ ၃ ရက်မှ ၁၂ ရက်အထိ သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကစ္စာယနက ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ရိပ်သာဖုန်း–၅၇၂၃၉၅ သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)

စက်မှုဇုန်များအား ခေတ်ကျော်လွှား

စက်မှုဇုန်များက ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များထုတ်လုပ်ရန် ကြိုးပမ်းနေ စက်မှု(၂)က ညွှန်ကြားပြုစုထားသည့် ဒီဇိုင်းနှင့်အညီ အရည်အသွေးရှိရှိ တည်ဆောက် အတွင်းရေးမှူး(၁) လှိုင်သာယာစက်မှုဇုန်နှင့် အမ်အိုင်စီတီပြပွဲ ကြည့်ရှုအားပေး

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း လှိုင်သာယာ စက်မှုဇုန်(၃)ရှိ A. A. Electronics Co., Ltd. **စက်ရုံ၌ တပ်ဆင်ထုတ်လုပ် သော** Star **တံဆိပ်** TV**များ၊** VCD **စက်များကို ကြည့်ရှု စစ်ဆေးစဉ်။**
(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများနှင့် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲတို့ကို ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဆောလွင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ နံနက် ၇နာရီခွဲတွင် လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်(၃)ရှိ A.A Electronics Co., Ltd.၏ လျှပ်စစ်ပစ္စည်း တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ ကုမ္ပဏီက တပ်ဆင် ထုတ်လုပ်သော Star တံဆိပ် TV များ၊ VCD စက်များ၊ လေအေးပေးစက်များ၊ အဝတ်လျှော်စက်များ၊ ရေပူရေအေးစက်များ၊ ရေခဲသေတ္တာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ A.A Electronics Co., Ltd. ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ရှင်းလင်းတင်ပြရာ၌ အီလက်ထရောနစ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်ရန် မိမိတို့ကုမ္ပဏီကို ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၉၈ ခုနှစ်တွင် အဖြူနှင့်အမည်းTV များကို စတင်တပ်ဆင်ထုတ်လုပ်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် Colour TV များကို တပ်ဆင်ထုတ်လုပ်ခဲ့ပါကြောင်း၊ ၂၀၀၂ ခုနှစ်မှစ၍ VCD စက်များကို ထုတ်လုပ်ခဲ့ပါကြောင်း၊ မိမိတို့ကုမ္ပဏီ အနေဖြင့် အဝတ်လျှော်စက်များ၊ လေအေးပေးစက်များ၊ ရေပူရေအေးစက်များ စသည့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးကိုလည်း အရည်အသွေး ကောင်းမွန်စွာဖြင့် တပ်ဆင်ထုတ်လုပ်နိုင်ရန် စီမံထားပါကြောင်း။

ယခုအခါ Star TV အလုံးပေါင်း ငါးသောင်းကျော်၊ VCD အလုံးပေါင်း ၂၅၀၀၀ကျော် ထုတ်လုပ်ပြီး ဖြစ်ပါကြောင်းဖြင့်ရှင်းလင်းတင်ပြပြီး အီလက်ထရောနစ်ပစ္စည်းများတပ်ဆင်ထုတ်လုပ်ရေးအတွက် လိုအပ်ချက်များကို တင်ပြသည်။

ဆက်လက်၍ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းဝင်းအောင်က လျှပ်စစ်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကုမ္ပဏီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်နှင့် ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်(လူမှုထူးချွန်ပထမဆင့်) တို့က ၂၁လက်မ Star Colour TV၁၀လုံးကို ပညာရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲ ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးစဉ်။
(သတင်းစဉ်)

အားပေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Colour TV တပ်ဆင်ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လည်းကောင်း၊ VCD စက်တပ်ဆင် ထုတ်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ ထုတ်လုပ်ပြီး TV နှင့် VCD စက်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား လိုအပ်သည်များ အားပေးမှာကြားသည်။

ထို့မှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန်(၂)ရှိ သံလွင်ဧရာကုမ္ပဏီသို့ရောက်ရှိကြပြီး ကုမ္ပဏီကထုတ်လုပ်ထားသည့် MEGA Jeepများကို ကြည့်ရှုစစ်ဆေးကြရာ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်ဝင်းက ဂျစ်ကားအပြင် နိုင်ငံတော်က လိုအပ်သော ဘတ်စ်ကားနှင့် ကုန်တင်ကားများကိုပါ ထုတ်လုပ်နိုင်ရန် စီမံထားပါကြောင်း ရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးကိုကိုအေးက MEGA Jeep ထုတ်လုပ်မှု၊ ရောင်းချရမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် မော်တော်ယာဉ် စက်ပစ္စည်းများနှင့် MEGA Jeepတပ်ဆင်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လှိုင်သာယာစက်မှုဇုန်(၂)ရှိ ရွှေသာယာ မော်တော်ကားကုမ္ပဏီသို့ ရောက်ရှိကြရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်စန်းက ရွှေသာယာ ဝက်ဂွန်ယာဉ်ငယ် ထုတ်လုပ်မှုနှင့် ၁၄တန် ၁၀ ဘီး ကုန်တင်ယာဉ် ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းရှင်တစ်ဦးက မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများတွင် ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က အများပြည်သူသုံး ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်ထုတ်လုပ်နိုင်ရန် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ရေးဆွဲထားသည့် ပုံစံဒီဇိုင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက မှာကြားရာတွင် ယခုအခါ နိုင်ငံတော်၏ စီမံအားပေးမှုအရ စက်မှုဇုန်များက အများပြည်သူသုံး ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များ ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း။

ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များ ထုတ်လုပ်ရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ညွှန်ကြားပြုစုထားသည့် ပုံစံဒီဇိုင်းတို့နှင့်အညီ အရည်အသွေးရှိရှိ တည်ဆောက် သွားကြရမည်ဖြစ်ကြောင်း။

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိက စက်မှုကဏ္ဍမြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည့်ပံ့ပိုးမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ အနေဖြင့် နိုင်ငံတော်၏ အားပေးမှုများဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ကားကိုယ်ထည်ပုံစံပြခန်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကုမ္ပဏီက စမ်းသပ်ထုတ်လုပ်ထားသည့် ၁၄တန် ၁၀ ဘီး ကုန်တင်ယာဉ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပုံဖိစက်ဖြင့် ကားဖရိန်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ အသုံးပြုသည့် အင်ဂျင်နှင့်ဂီယာဘောက်စ်များ၊ ကားကိုယ်ထည် အစိတ်အပိုင်းများ၊ ရွှေသာယာဝက်ဂွန် တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းများနှင့် ထုတ်လုပ်ပြီး ရွှေသာယာ ဝက်ဂွန်မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၁၅မိနစ်တွင် လှိုင်မြို့နယ်ရှိ မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံသို့ ရောက်ရှိကြရာ အီလက်ထရောနစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင်များက ကြိုဆိုကြပြီး ပြသလျက်ရှိသည့် တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Network Game Centre ကို ကြည့်ရှုကြသည်။

စစ်ဆေးအားပေး

ဆက်လက်၍ ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည့် IT ကုမ္ပဏီများ၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးအားပေးကြရာ ပြခန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြခန်းနှင့် ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။
(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၂၄ရက်က အစိုးရနည်းပညာကောလိပ်(ဘားအံ) သုံးထပ်ပင်မဆောင် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✪ ရွှေဖုံးမှ

ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ကထိက၊လက်ထောက်ကထိကများနှင့် ဆရာ၊ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ် သုံးထပ်ပင်မဆောင် တည်ဆောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ရှင်းလင်းခန်းမ၌ ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်က ဘားအံတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသောသင်တန်းများ၊ သင်ကြားပို့ချနေသော အထူးပြုဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူဦးရေ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အား၊ ကွန်ပျူတာ ၆၅လုံးအသုံးပြုပြီး IT Rooms ဖွင့်လှစ်သင်ကြားပေးနေမှုအပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆရာ၊ ဆရာမများ အရည်အသွေးတိုးမြှင့်ရေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်ရေး၊ ပညာရပ်နယ်ပယ်အသီးသီးတွင် နိုင်ငံတကာ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုများရရှိနိုင်အောင် စဉ်ဆက်မပြတ်လေ့လာဆည်းပူးကြပြီး အရည်အသွေးမြင့်မားသည့် အတတ်ပညာရှင်များ မွေးထုတ်ကြရေး၊ လိုအပ်သည့် ဆရာ၊ ဆရာမများ ဖြည့်တင်းရေးအတွက် စီမံချက်ချမှတ်ပြီး စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ယုဇနဆောက်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးမြင့်က ဘားအံတက္ကသိုလ်၌ နှစ်ထပ်စာသင်ဆောင်နှစ်ဆောင် တည်ဆောက်ပြီးစီးနေမှု၊ သုံးထပ်ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေ၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ပန်းအလှစိုက်ခြင်း၊ အလယ်ကျွန်း မီးပန်းဆိုင်းတပ်ဆင်ခြင်း၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်တည်ဆောက်ရေးတွင် အရည်အသွေးပြည့်ဝသော အတတ်ပညာရှင်များ ပြုစုပျိုးထောင်ရေး၊ ကျောင်းသား၊ ကျောင်းသူများအား အတတ်ပညာသင်ကြားပေးရုံသာမက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးရေးစသည့် စိတ်ပိုင်းဆိုင်ရာ အသိပညာများပါရရှိအောင် ပြုစုပျိုးထောင်ပေးရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘက်စုံသုံးခန်းမ Multi-Purposes Hall တည်ဆောက်နေမှု၊ စာသင်ခန်းများနှင့် တက္ကသိုလ်ပရဝဏ် သာယာလှပရေး ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အစိုးရနည်းပညာကောလိပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ဘားအံ)သို့ ရောက်ရှိကြပြီး ရှေးဦးစွာ သုံးထပ်ပင်မဆောင် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအုပ် ဒေါ်သန်းသန်းဌေးက အစိုးရနည်းပညာကောလိပ်(ဘားအံ)၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ပို့ချလျက်ရှိသော သင်တန်းများ၊ ကျောင်းသားအင်အား၊ ဝန်ထမ်းအင်အား အခြေအနေ အပါအဝင် သင်ကြားစီမံကိန်းရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အစိုးရနည်းပညာကောလိပ် (ဘားအံ)မှာ တက္ကသိုလ်တစ်ခုအဖြစ် ပေါ်ထွန်းလာမှာဖြစ်သဖြင့် ဆရာ၊ ဆရာမများ အနေဖြင့် တိုးတက်ဖြစ်ထွန်းနေသည့် ပညာရပ်များကို အစဉ်အမြဲဆည်းပူးကြရေး၊ အရည်အသွေးမြင့်မားသော အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ရေး၊ တံတားတည်ဆောက်ရေး၊ ဆည်မြောင်းတာတမံ တည်ဆောက်ရေးပညာရှင်များ ခါးဆက်မပြတ်ရေး အတွက် စီမံဆောင်ရွက်ရန် မှာကြားသည်။

မြိုင်ကြီးငူဒေသသို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် စုံနံ့သာမြိုင် ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်စိုး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြိုဆိုကြသည်။

ကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော် ထီးတော်တင် မင်္ဂလာအခမ်းအနား၊ မြိုင်ကြီးငူ-ဘားအံသွား (၃၄)မိုင်ရှည် သစ္စာလမ်းမကြီးနှင့် တံတား ၉၉စင်း ဖွင့်ပွဲ အခမ်းအနား၊ ဂန္ဓကုဋိတိုက်တော်၊ ထီးတော်နှင့် လမ်းတံတားများ ရေစက်ချမင်္ဂလာအခမ်းအနားများသို့ တက်ရောက်ကြသည်။

ကော့ကရိတ်သို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်သည် ကော့ကရိတ်မြို့သို့ရောက်ရှိကြရာ ကော့ကရိတ်တပ်နယ်မှ ဗိုလ်မှူးကြီး တင်လှဦး၊ ကော့ကရိတ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ မြို့နယ်ပညာရေးမှူး ဦးအေးမင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်ကြည်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Electronic Media (Language Lab)၊ Computer Aided Instruction ၊ Computer Application in E-mail၊ Electronic Media(Video System)၊ Printed Media (Reading Corner)၊ Electronic Media (Audio System) Electronic Media (Visual Preventer)Room တို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးမြင့်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်းမနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံပရဝဏ်အတွင်း၌ ဆေးရုံအဆောက်အအုံသစ် တိုးချဲ့တည်ဆောက်နိုင်မည့် မြေနေရာကိုကြည့်ရှုပြီး ဆေးရုံအဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ရန်နှင့် လက်ရှိ ဆေးရုံကြီး အတွင်းအပြင် မွမ်းမံပြုပြင်ရန်များကို မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကော့ကရိတ်မြို့ မြို့တော်ခန်းမ၌ ကော့ကရိတ်ခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းမောင်က ကော့ကရိတ်ခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ အသားတင် စိုက်ပျိုးမြေ၊ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ လျာထားချက်နှင့် စိုက်ပျိုးနိုင်မှုအခြေအနေ၊ ခရိုင်အတွင်း ဝမ်းစာဖူလုံမှုအခြေအနေ၊မွေးမြူရေးလုပ်ငန်းအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသော လုပ်ငန်းများ အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကော့ကရိတ်ခရိုင်၏ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီးအမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ ဒေသတာဝန်ခံများ၊ ဝန်ကြီးများ လိုက်ပါလာပြီး ကော့ကရိတ်ခရိုင်အပါအဝင် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုး ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာရောက်ကြခြင်း ဖြစ်ကြောင်း။

ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် ဆေးရုံကြီးတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့်

ဇန်နဝါရီ ၂၄ရက်က ဘားအံတက္ကသိုလ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩစတြေးလျဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်ဟားဝပ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပတ်သက်ပြီး လိုအပ်မှုများကို မှာကြားဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

အရှိန်မြှင့်တင်

ကော့ကရိတ်ခရိုင်မှ တာဝန်ရှိသူများ၏ တင်ပြချက်များနှင့် စစ်ဆေးတွေ့ရှိချက်များအရ ခရိုင်တစ်ခုလုံး၏ ဒေသဝမ်းစာ ဖူလုံမှုရှိသော်လည်း အခြားသော စီးပွားဖြစ်ထွန်းနိုင်သည့် လုပ်ငန်းများဖြစ်သည့် ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း၊ အလားတူပင် ပညာရေးကဏ္ဍတွင်လည်းတက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း တိုးတက်လာအောင် အရှိန်မြှင့်တင် ဆောင်ရွက်ပေးရန် လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် စွမ်းရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များရှိမှသာအောင်မြင်အောင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရ အနေဖြင့် ကရင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် လူသားစွမ်းရည်အရင်းအမြစ်များစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဝီရိယစိုက်ထုတ်

နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံတွင် မူဝါဒများ၊ ရည်မှန်းချက်များ ချမှတ်ပေးထားပြီး ဗဟိုမှ အောက်ခြေအထိ အဆင့်ဆင့် ညွှန်ကြားချက်များ ပေးထားပြီးဖြစ်ကြောင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ဦးဆောင်ဦးရွက်ပြုနေကြသည့် ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့် ရည်မှန်းချက်များ အောင်မြင်ရေး၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် မိမိတို့တွင် တာဝန်ရှိသည်ဆိုသည့် ခံယူချက် သဘောထားဖြင့် ဝီရိယစိုက်ထုတ်အလုပ်လုပ်ကြမှသာ အောင်မြင်မှုများ ရရှိလာနိုင်မှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ဒေသအနှံ့ အောက်ခြေအရောက်သွားပြီး နိုင်ငံတော်ကြီးတစ်ခုလုံး ဘက်စုံ၊ ကဏ္ဍစုံတွင် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ဒေသလိုအပ်ချက်များကို ချက်ချင်း ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်အချိန်အခါဖြစ်ကြောင်း၊ ဤကဲ့သို့သော အခြေအနေမျိုးကို ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများအနေဖြင့် သိရှိသဘောပေါက်ပြီး မိမိတို့သက်ဆိုင်ရာ နယ်မြေအနှံ့ ခရီးဆန့်၍ မိမိဒေသ ဖွံ့ဖြိုးရေး၊ ဒေသနေပြည်သူများ လူနေမှုဘဝ မြင့်မားရေးတို့အတွက် ဝီရိယအားစေတနာအပြည့်အဝဖြင့် လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးသွားကြရန်မှာကြားလိုကြောင်း။

ဦးဆောင်ဦးရွက်

ကော့ကရိတ်မြို့ တည်ရှိရာ အနေအထားအရ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ကုန်စည်ကူးသန်းဆက်ဆံနေသည့် အဓိကလမ်းမကြီးပေါ်တွင် တည်ရှိပြီး ကူးသန်းရောင်းဝယ်မှုလုပ်ငန်းဖြစ်ထွန်းနိုင်သကဲ့သို့ စိုက်ပျိုးရေး အောင်မြင်စေမည့် သဘာဝအခြေခံများလည်း ပိုင်ဆိုင်ထားသည့် ခရိုင်ကြီးတစ်ခုလည်း ဖြစ်ကြောင်း၊ ဤဒေသတွင် စိုက်ပျိုးအောင်မြင်နိုင်သည့် ရော်ဘာ၊ ငရုတ်ကောင်း၊ ကွမ်းသီး၊ ကျွဲကောစသည့် ဥယျာဉ်ခြံမြေလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးမွေးမြူရေးအတွက် ဒေသတာဝန်ခံများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဦးဆောင်ဦးရွက်ပြုပြီး အားပေးကူညီသွားကြရန်မှာကြားလိုကြောင်း။

အဆင့်မြှင့်တိုးချဲ့

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး အခြေခံကောင်းများ ရရှိရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည် အဓိကဖြစ်သည်နှင့်အညီ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းမကြီးများတိုးချဲ့ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်ပေးလျက်ရှိသကဲ့သို့ မြို့ချင်းဆက်လမ်းများ၊ ကျေးလက်လမ်းများ စသည့်ကြားလမ်းများ ကောင်းမွန်ရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ စီးပွားကုန်သွယ်မှု တိုးမြှင့်ရေးအတွက် မြဝတီ-ကော့ကရိတ်-ဘားအံ လမ်းမကြီးကို အဆင့်မြှင့်တိုးချဲ့ပြီး ရာသီမရွေး သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေး အခြေခံကောင်းများ ရရှိလာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး တိုးတက်မှုများနှင့်အတူ လူနေမှုအဆင့်တိုးတက်မြင့်မားလာနိုင်မှာ ဖြစ်ကြောင်း။

ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံတွင် မိမိတို့အား ပေးအပ်ထားသည့် ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကော်မတီများ ဖွဲ့စည်းပြီး သွက်လက်ထိရောက်သည့် စီမံခန့်ခွဲမှုဖြင့် ဝီရိယစိုက်ထုတ် အလုပ်လုပ်ရေး မှာကြားသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကော့ကရိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူ ပစ္စည်းများကိုလည်းကောင်းသက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကော့ကရိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် ဆေးဝါးများကို ဆေးရုံအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ ဇိနသုခလောကသရဖူစေတီတော်မြတ်အားသွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

မော်လမြိုင်မြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်မျိုးလှ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ဘက်ကမ်းရှိ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ချဉ်းကပ်တံတား (မော်လမြိုင်ဘက်ကမ်း) ကိုယ်ထည်လုပ်ငန်း၊ ကွန်ကရစ်ပြားခင်းခြင်းလုပ်ငန်း၊ Over Lay Slab ခင်းခြင်း ရာခိုင်နှုန်းပြည့် ပြီးစီးနေမှုကိုလည်းကောင်း၊ မော်လမြိုင်ဘက်ကမ်း ပင်မတံတားတိုင် အမှတ်(၂၂)မှ (၁၃) အထိ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို သံပေါင်သယ် သံလမ်းပြေးရထားဖြင့်လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် (တံတား) ဦးဟန်ဇော်က သံလွင်တံတား (မော်လမြိုင်) စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပင်မတံတား ရေလယ်တိုင်များ တည်ဆောက်ပြီးစီးနေမှု၊ ချဉ်းကပ်တံတား (မော်လမြိုင်ဘက်ကမ်း)နှင့် ချဉ်းကပ်တံတား (မုတ္တမ ဘက်ကမ်း) တည်ဆောက်ပြီးစီးနေမှုအခြေအနေ၊ သံပေါင်တင်ရန် ၂၁ခန်းရှိသည့်အနက် ၁၆ခန်း ပြီးစီးနေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက သံလွင်မြစ်၏ ရေကြောင်း အခြေအနေ၊ သံလွင်တံတား(မော်လမြိုင်) အောက်မှ ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းတွင် မြန်မာ့မီးရထားက ဆက်စပ်ပါဝင် ဆောင်ရွက်နေသော လုပ်ငန်းများအခြေအနေ၊ မော်လမြိုင်ဘူတာရုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှတ်တမ်းတင်ရန်လို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားပြီး သံလွင်တံတား(မော်လမြိုင်)မှာ တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံတား ဖြစ်မှာဖြစ်ပြီး မိမိတို့ မြန်မာအင်ဂျင်နီယာများကိုယ်တိုင် တည်ဆောက်ခြင်းဖြစ်၍ အင်ဂျင်နီယာသမိုင်းတွင် ဂုဏ်ပြုမှတ်တမ်းတင်မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် တံတားကြီးတည်ဆောက်ရာတွင် ပါဝင်ကြသည့် မြန်မာအင်ဂျင်နီယာ ပညာရှင်များကို မှတ်တမ်းတင်ထားရန်လိုကြောင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းအခြေအနေကို ရှင်းလင်းဆောင်ရှုရပ်မှ ကြည့်ရှုကြသည်။

သံလွင်တံတား (မော်လမြိုင်)မှာ ရန်ကုန် - မော်လမြိုင် - မြိတ် - ကော့သောင်းလမ်းပေါ်တွင် တည်ရှိပြီး မွန်ပြည်နယ်မော်လမြိုင်မြို့ရှိ သံလွင်မြစ်ကို ဖြတ်ကျော်၍ မော်လမြိုင်မြို့နှင့် မုတ္တမတို့သို့ ဆက်သွယ်ပေးမည့် တံတားဖြစ်သည်။

ကားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၂၅၂ပေ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၁၁၅၇၅ပေ ရှည်မည်ဖြစ်သည်။

ရထားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်းချဉ်းကပ်တံတားမှာ ၈၇၁၆ပေ၊ မုတ္တမ ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၀၀၅၁ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၂၆၄၆၆ပေ ရှည်မည်ဖြစ်သည်။

သံလွင်မြစ်ဖြတ်

သံလွင်တံတား (မော်လမြိုင်)တွင် ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် အကျယ် ၁၄ပေရှိ ရထားလမ်းတို့အပြင် ယာဉ်သွားလမ်း၏ တစ်ဖက်စီတွင် ခြောက်ပေစီအကျယ် လူသွားလမ်းလည်း ပါရှိမည်ဖြစ်သည်။ ကားလမ်းနှင့် မီးရထားလမ်းတို့ ယှဉ်၍ တည်ရှိမည့် တံတားကြီးဖြစ်သည်။

၇၀ရာခိုင်နှုန်းပြီးစီး

တံတား တည်ဆောက်ပြီးစီးမှုမှာ မော်လမြိုင်ဘက်ကမ်း၌ ချဉ်းကပ်တံတား အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်း၊ ရက်မလုပ်ငန်းနှင့် အပေါ်ကြမ်းခင်းခြင်း လုပ်ငန်းများမှာ လုံးဝပြီးနေပြီး မုတ္တမဘက်ကမ်း၌ အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်း၊ ရက်မလုပ်ငန်းတို့မှာ လုံးဝပြီးစီးနေပြီဖြစ်သည်။ ပင်မရေလယ်တိုင် ၂၂တိုင်အနက်တိုင် ၂၀မှာ လုံးဝပြီးနေပြီးနှစ်တိုင်မှာလည်း အချောသတ် လုပ်ငန်းများလုပ်ကိုင်လျက်ရှိသည်။ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းမှာ ၂၁ခန်းအနက် ၁၆ခန်းမှာတပ်ဆင်ပြီးဖြစ်သည်။ တံတားကြီးတစ်စင်းလုံး အနေဖြင့် တည်ဆောက်ပြီးစီးမှုမှာ ၇၀ရာနှုန်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

သင်ထောက်ကူ ပစ္စည်းများ ပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကော့ကရိတ်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်း ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူ ပစ္စည်းများကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်)

ဇန်နဝါရီ ၂၄ရက်က သံလွင်တံတား (မော်လမြိုင်)တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှု အခြေအနေကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ မွေ့ဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၇။ အရေးပြိုင်ပွဲ
- ၈:၁၅ ၈။ ဒါးကတံတား(ရောဝတီတိုင်း)
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၇။ အကပဒေသာ
- ၅:၄၅ ၈။ ဘိုင်းဒါးရေလှောင်တမံ
- ၅:၅၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆:၁၀ ၁၀။ Discovery.
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Milo Success In Soccer.
- ၇:၁၀ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၇:၂၅ ၁၅။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၆။ (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ပန်းပုပြိုင်ပွဲ ပြပွဲ ကြိုတင်ပြင်ဆင်မှုများ (ပန်းပု)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ တုံ့မယူလို (အပိုင်း-၁၈)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

● **ကျောဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ ဦးစောသာထူးကျော်နှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာဆိုင်းအဖွဲ့၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော်သို့ သွားရောက်၍ ဇိနမာန်အောင် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ပူဇော်ကန်တော့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဇိနမာန်အောင် ရုပ်ပွားတော်မြတ်၊ ဂန္ဓကုဋိတိုက်တော် ထီးတော်တင် မင်္ဂလာအခမ်းအနားကို နံနက် ၁၁နာရီခွဲတွင် အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနက ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော်တွင် တင်လှူပူဇော်မည့် ထီးတော်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပေးအပ်သည်။

ပင့်ဆောင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဂန္ဓကုဋိတိုက်တော်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဥပါသကာများက ယူဆောင်၍ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများက မင်္ဂလာရထားပျံဖြင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဂန္ဓကုဋိတိုက်အထွတ်သို့ ပင့်ဆောင်ကြသည်။

မင်္ဂလာအချိန်တွင် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များက ဂန္ဓကုဋိတိုက်တော် အထွတ်၌ စိန်ဖူးတော်၊ ငှက်မြတ်နားတော်ကို တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုး ရွာသွန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အစီအစဉ်အရ စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) မြိုင်ကြီးငူဆရာတော်ကြီး ကြီးမှူး၍ ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံးဝင်များနှင့် ဒေသခံတိုင်းရင်းသား မိသားစုများ ဖောက်လုပ်ခဲ့သော မြိုင်ကြီးငူ–ဘားအံ ၃၄မိုင်အရှည် သစ္စာလမ်းမကြီးနှင့် တံတား ၉၉စင်း ဖွင့်ပွဲအခမ်းအနားကို စုံနံ့သာမြိုင် ဆွေမြို့တော်အဝင် မင်္ဂလာမုခ်ဦး၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဦးစောသာထူးကျော်က သစ္စာလမ်းမကြီးနှင့် တံတား ၉၉စင်း တည်ဆောက်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ဖွင့်လှစ်မည့် မြိုင်ကြီးငူ–ရွှေဝွန်း–ဘားအံ ဆက်သွယ်ထားသည့် သစ္စာလမ်းမကြီးမှာ အရှည် ၃၄မိုင်၊ အကျယ် ၁၈ပေရှိသည့် ကတ္တရာလမ်းမကြီးဖြစ်ကြောင်း၊ ဤလမ်းမကြီး တစ်လျှောက်တွင် ပေ ၂၀၀ အထက် တံတားကြီး လေးစင်း၊ ပေ ၁၀၀ အောက် တံတားကြီး ၆၄စင်းနှင့် ရေပြွန်တံတား ၃၁စင်း စုစုပေါင်း တံတားကြီးငယ် ၉၉စင်း ဆောက်လုပ်ထားပြီးဖြစ်၍ လမ်းပန်းဆက်သွယ်ရေးများစွာ ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဖောက်လုပ်ခဲ့ရာတွင် နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၆၃၄၃သမ ၅သိန်း၊ ကတ္တရာတန် ၂၀၀နှင့် စက်သုံးဆီ၊ စက်ယန္တရားများ ပံ့ပိုးပေးခဲ့ပြီး မြိုင်ကြီးငူဆရာတော်နှင့် ဗုဒ္ဓဘာသာကရင်မိသားစုများ၊ မြို့တော်ဝန်မိသားစုများက ငွေအား၊ လုပ်အား စုစုပေါင်း ကျပ်သိန်းပေါင်း လေးသောင်းနှစ်ထောင်ကျော် ကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

ယခင်က ဘားအံ–ကမမောင်း–မြိုင်ကြီးငူ လမ်းခရီးမှာ ရေလမ်းကိုသာ အားကိုးအားထားပြုကာ သွားလာရသည့်အတွက် ခက်ခဲခြင်းများ ကြုံတွေ့ခဲ့ရပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုမှာလည်း နှေးကွေးခဲ့ကြောင်း၊ ယခုအခါတွင် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်တွင် အပါအဝင်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးဆိုသည့် လုပ်ငန်းစဉ်နှင့်အညီ မြိုင်ကြီးငူဆရာတော်ကြီး၏ ဦးစီးဦးဆောင်ပြုမှု၊ နိုင်ငံတော်၏ ပံ့ပိုးပေးမှုနှင့် ဘားအံ–မြိုင်ကြီးငူ ဆက်သွယ်ထားသည့် သစ္စာလမ်းမကြီး ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း။

ဤလမ်းမကြီးဖောက်လုပ်နိုင်ခဲ့သည့် အကျိုးရလဒ်အဖြစ် လမ်းတစ်လျှောက်ရှိ ကျေးရွာများစွာ၌လည်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေးများ တိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ပီတိဖြာရကြောင်း။

ယခုကဲ့သို့ ဒေသခံပြည်သူလူထု၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် အဓိကအခန်းကဏ္ဍက အရေးပါသော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဘားအံ–မြိုင်ကြီးငူ ဆက်သွယ်သည့် သစ္စာလမ်းမကြီးနှင့် တံတားများ တည်ဆောက်ပြီးစီးရေးအတွက် မေတ္တာတော်ရှေ့ထား၍ ဦးစီးဆောင်ရွက်ပေးတော်မူသော မြိုင်ကြီးငူဆရာတော်ကြီးအားလည်းကောင်း၊ လိုအပ်ချက်များကို အဘက်ဘက်က ပံ့ပိုးကူညီပေးခဲ့သော နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲအားလည်းကောင်း၊ လမ်းဖောက်လုပ်ရေးတွင် ကာယ၊ ဉာဏအားများဖြင့် ကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးသူများအားလုံးကို မိမိတို့မိသားစုများ၊ ပြည်တော်ဝင်မိသားစုများက လေးစားစွာ ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း မှတ်တမ်းတင် ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သစ္စာလမ်းမကြီး အဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဗဟိုကော်မတီဝင် ဦးကျော်သန်းတို့က ဖဲကြိုးဖြတ်၍ သစ္စာလမ်းမကြီးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ညွှန့်သည်တော်များသည် သစ္စာလမ်းမကြီးကို ဖြတ်သန်းကြည့်ရှုကြပြီး တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဘောသဇ္ဈမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ်ကို သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ရေစက်ချအလှူတော်

ထို့နောက် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဘောသဇ္ဈမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ် ဂန္ဓကုဋိတိုက်တော်၊ ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက် ထီးတော်နှင့် လမ်းတံတား ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားကို ဘောသဇ္ဈမုနိ ဘုရားရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❋

ဖူးမြော်ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၄ရက်က ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဘောသဇ္ဈမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) မြိုင်ကြီးငူဆရာတော် ကြီးမှူး၍ ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးဝင်များနှင့် ဒေသခံတိုင်းရင်းသား မိသားစုများ ဖောက်လုပ်ခဲ့သော မြိုင်ကြီးငူ–ဘားအံ ၃၄မိုင်အရှည်ရှိ သစ္စာ လမ်းမကြီး အဝင်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၄ရက်က စုံနံ့သာမြိုင် ဆွေမြို့တော်(မြိုင်ကြီးငူဒေသ) ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ် ဂန္ဓကုဋိတိုက်တော်၊ ဇိနမာန်အောင် ရုပ်ပွားတော်မြတ်၊ ဂန္ဓကုဋိတိုက် ထီးတော်နှင့် လမ်းတံတား ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားတွင် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

တပည့်တော်အပါအဝင် ကြားသမျှ မြင်သမျှ ပရိသတ် အားလုံးတို့က သာဓုအနုမောဒနာခေါ်ဆိုကြပါကြောင်းကို ဝမ်းမြောက်ဝမ်းသာ လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော် သံဃာ

ပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗုဒ္ဓဘာသာကရင် အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြိုင်ကြီးငူဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြိုင်ကြီးငူ အခြေခံပညာ အထက်တန်းကျောင်း

❀ **စာမျက်နှာ ၁၀ မှ**

တရားတော်များကိုရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ)သည် ငြိမ်းချမ်းရေးမယူမီက လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေး လွန်စွာခက်ခဲသည့်အပြင် စားဝတ်နေရေးနှင့် လုပ်ငန်းများ ခေတ်နောက်ကျကျန်ရစ်သော ဒေသတစ်ခုအဖြစ် တည်ရှိခဲ့ပါကြောင်း။

၁၉၉၄ခုနှစ် နိဝင်ဘာလမှ အစပြု၍ မြိုင်ကြီးငူဆရာတော် ဦးဆောင်သည့် ကရင်ဗုဒ္ဓဘာသာ အဖွဲ့များသည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့ပြီး မြိုင်ကြီးငူဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော် အစိုးရနှင့် လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

မြိုင်ကြီးငူဒေသ တိုင်းရင်းသားပြည်သူများသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသဖြင့် ဘုရားတည်၊ ကျောင်းဆောက် အစရှိသော သာသနာရေးလုပ်ငန်းများကို ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

ကြည်ညိုဖွယ်ရာ

မြိုင်ကြီးငူ ဆရာတော်သည် အနယ်နယ်အရပ်ရပ်၌ လက်လှမ်းမီသမျှ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ ဓမ္မာရုံ အစရှိသော သာသနိကအဆောက်အအုံများကို ဘက်စုံပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ထားခြင်းများကို ပြုလုပ်ခဲ့သဖြင့် ကရင်ပြည်နယ်အတွင်းရှိ ဘုရားစေတီ ကျောင်းကန်များမှာ ရွှေရောင်တဝင်းဝင်း၊ ထုံးဖြူဖွေးဖွေး သစ်လွင်တောက်ပစွာ ကြည်ညိုဖွယ်ရာ ဆောင်လျက်ရှိနေပါပြီဖြစ်ပါကြောင်း။

မြိုင်ကြီးငူဒေသတွင် ဉာဏ်တော် ၂၇ ပေရှိသော မဟာဘေသဇ္ဇမုနိ ကြေးသွန်း ရုပ်ရှင်တော်မြတ်ကြီးကို သွန်းလုပ်ပူဇော်ပြီး ယင်းရုပ်ရှင်တော်မြတ်ကြီး သီတင်းသုံးတော်မူရန် အလျား၊ အနံ ပေ ၁၂၀ ပတ်လည်ရှိ၍ အမြင့်ပေ ၁၀၀ ရှိသော ဂန္ဓကုဋိကျောင်းတော်ကြီးကို ဆောက်လုပ်၍ ၁၉၉၈ ခုနှစ် မတ် ၂၃ ရက်က ရေစက်ချလှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ပါကြောင်း။

ယခုတစ်ဖန် လုံးပတ် ကိုးတောင်၊ အမြင့် ၁၃ တောင် ကိုးလက်မရှိသော ရေဆန်ကျွန်းသစ်တော်ကြီးကို ဆင်စီးမြင်းရံ ဇိနမာန်အောင် ဗုဒ္ဓရုပ်ပွားတော်အဖြစ် ထုလုပ်၍ ယင်းရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရန် အလျား၊ အနံ ပေ ၁၂၀ ပတ်လည်၊ အမြင့်ပေ ၁၀၀ ရှိသော ဂန္ဓကုဋိကျောင်းတော်ကြီး ဆောက်လုပ်ပြီး ယနေ့မင်္ဂလာအချိန်အခါတွင် ဂန္ဓကုဋိကျောင်းတော် ထုပိကာအထက်၌ ရွှေထီးတော်မြတ်တင်လှူပူဇော်ပွဲ ကျင်းပခြင်းဖြစ်ပါကြောင်း။

မြိုင်ကြီးငူဆရာတော်သည် ဘုရားစေတီများကို တည်ထားရုံဖြင့် အားရတင်းတိမ်ခြင်း မရှိသေးဘဲ ဓမ္မစေတီများ တည်ထားရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဘုရားဟောဒေသနာတော် ဓမ္မစေတီကျမ်းစာများကို မြန်မာဘာသာ၊ ကရင်ဘာသာ နှစ်ဘာသာဖြင့် ပြုစုရေးသား ဆောင်ရွက်ခဲ့ရာ ယခုအခါ ဓမ္မစေတီကျမ်းစာပေါင်း ၃၈ ဆူ တည်ထားပြီးကြောင်း သိရှိရပါကြောင်း။

ဘက်စုံဖွံ့ဖြိုးရန်

မြိုင်ကြီးငူဆရာတော်သည် ဘာသာရေး၊ သာသနာရေး ဆောင်ရွက်ရုံသာမက မြိုင်ကြီးငူဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်မှုပေး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ခြင်းသည် အဓိကအကြောင်းတရားဖြစ်ကြောင်း သိမြင်တော်မူသည်နှင့်အညီ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ပံ့ပိုးကူညီမှုကို ရယူလျက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး ဗဟိုကော်မတီဝင် ဦးကျော်သန်းတို့က ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) မြိုင်ကြီးငူ–ဘားအံ ၃၄မိုင် အရှည်ရှိ သစ္စာလမ်းမကြီးကို ဇန်နဝါရီ ၂၄ရက်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာ ကရင်မိသားစုများ၊ ပြည်တော်ဝင်မိသားစုများ၏ လုပ်အားကို ရယူ၍ မြိုင်ကြီးငူနှင့် ဘားအံ ဆက်သွယ်သော ၃၄ မိုင်ရှည် သစ္စာလမ်းမကြီးကို ၁၉၉၈ခုနှစ်မှစ၍ ဖောက်လုပ်ခဲ့ပါကြောင်း၊ ယင်းလမ်းမကြီး၌ တံတားကြီး ငါးစင်း၊ တံတားငယ် ၁၂ စင်း တည်ဆောက်ခဲ့ရပြီး ယခုအခါ ကတ္တရာလမ်း အချောခင်းပြီးအဆင့်သို့ ရောက်ရှိလာ၍ ရာသီမရွေး သွားလာနိုင်သော ဆက်သွယ်ရေးလမ်းမကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပါကြောင်း၊ ဤသစ္စာလမ်းမကြီးကို အကြောင်းပြု၍ ဖွံ့ဖြိုးတိုးတက်စဖြစ်သော မြိုင်ကြီးငူဒေသသည်အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုး တိုးတက်လာတော့မည်ဖြစ်ပါကြောင်း ဝမ်းမြောက်စကား လျှောက်ထားအပ်ပါကြောင်း။

ဤရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားပြီးပါက ဆက်လက်၍ လမ်းဖွင့်ပွဲ၊ တံတားဖွင့်ပွဲ မင်္ဂလာအခမ်းအနားများ ပြုလုပ်ကြဦးမည်ဖြစ်ပါကြောင်း။

ဤသို့ မြိုင်ကြီးငူ ဆရာတော်၏ ဘာသာ သာသနာရေးဆိုင်ရာ၊ လောကုတ္တရာ ကုသိုလ်ရေးဆိုင်ရာ စွမ်းဆောင်ချက်များနှင့် ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း တည်းဟူသော ထာဝရကုသိုလ် အစုစုတို့ကို တော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနက အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေစက်ချ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းကြသည်။

အတွက် တီဗွီနှင့် ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ ကျန်းမာရေးဌာနအတွက် ဆေးပစ္စည်းများကိုလည်းကောင်း၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များအတွက် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဦးစောသာထူးကျော်အား ပေးအပ်သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဦးစောသာထူးကျော်က ဂါရဝပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်မွန်းလွဲပိုင်းတွင် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ)မှ ထွက်ခွာကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးမြင့်အုန်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်းဝင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး တင်မောင်ထွန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးနှင့် အမှတ်(၁)တပ်ထိန်း တပ်မှူး၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြို့မဲကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များ ဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာ ဆောင်ရွက်ခြင်းရှိ၊ မရှိနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဇနီး ထိုင်းနိုင်ငံ တပ်မတော်နေ့အထိမ်းအမှတ် ညစာစားပွဲသို့တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Col. Kasam Nakpum **နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များသည် ရန်ကုန်မြို့ အချက်အချာကျသောနေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည် စစ်ဆေးကြပ်မတ်ကြစဉ်။ (သတင်းစဉ်)

ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလက်ဇန္ဒားဒေါင်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ နှစ်ပတ်လည်နေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယ သမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ယာ့စ်ဝန့်ဆင်းဟာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

MICT Park ၌ ဆွေးနွေးပွဲနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

တတိယအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ ပြပွဲပြသလျက်ရှိသည့် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ် နယ်မြေရှိ မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိရာ ယနေ့နံနက်၉နာရီတွင် Conference Hall ၌ Security Issues and Related Products ဆွေးနွေးပွဲ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်က Internet Security နှင့် ကာကွယ်တားဆီးရန် နည်းပညာပိုင်းနှင့် ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်ရန်လိုအပ်ပုံနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ကာကွယ်တားဆီး

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံတွင် ပါရဂူသင်တန်း တက်ရောက်လျက်ရှိသူ သင်တန်းသူ ဒေါ်ခင်မိမိအောင်က Intelligent Enterprise Security Management System ကို အသုံးပြု၍ ကိုရီးယားသမ္မတနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ကွန်ပျူတာဗိုင်းရပ်စ်တိုက်ခိုက်မှုများ ကာကွယ်တားဆီးခြင်းကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက်မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း Special Interest Group (SIG) တာဝန်ခံ ဦးဝေလင်းကျော်က Internet Security နှင့် ပတ်သက်၍ ဖြစ်ပေါ်နိုင်သော ဗိုင်းရပ်စ်နှင့် အခြားပြဿနာများကိုလည်းကောင်း၊ SIG တာဝန်ခံ ဦးလှဝင်းကြိုင်က Security ပြဿနာများကို ကာကွယ်တားဆီးသည့် Firewall နှင့် အခြားနည်းပညာများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် Conference Hall ၌ e-Government Project တစ်ခုဖြစ်သော e-Procurement Project ကို Soft Launch ပြုလုပ်သော ဆွေးနွေးပွဲကို ကျင်းပရာ MICT DC ဒါရိုက်တာ အဖွဲ့ဝင် ဦးတင်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှညွှန်ကြားရေးမှူး ဦးသန်းဝင်းက e-Procurement နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်စိုးလင်းက e-p စနစ်နှင့် e-Procurement Portal Prototype အကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

e-Procurement Project ကို ဝန်ကြီးဌာနရှစ်ခုလက်အောက်ရှိ ဌာနပေါင်း၄၇ခုတွင်၂၀၀၄ခုနှစ် ဧပြီရက်မှစ၍ ဝယ်ယူရေးစနစ်များကို Outline မှ စတင် စမ်းသပ်အသုံးပြုမည်ဖြစ်ကြောင်းသိရသည်။

အလားတူ Better Software Faster အလုပ်ရုံ ဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် အခန်းအမှတ်(၂၀၅)၌ ကျင်းပရာ Borland (Hong Kong) Ltd မှ အကြီးတန်းအကြံပေးအရာရှိ Senior Consultant မြန်မာပညာရှင် ဦးမိုးသွင်က Better Software Faster နှင့် UML Modelling Solution စာတမ်းများကို ဖတ်ကြားတင်ပြရာ တက်ရောက်လာသူများက အကြံပြု ဆွေးနွေးကြသည်။

ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ MICT DC ဒါရိုက်တာအဖွဲ့ဝင်များ၊ ကွန်ပျူတာအသင်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကွန်ပျူတာ ကုမ္ပဏီများ၊စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ ICT ရက်သတ္တပတ် ၂၀၀၄ (ဇန်နဝါရီ ၂၁—ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်

၀၉:၀၀ နာရီ Wireless and broadband application(Seminar)

၁၃:၀၀ နာရီ Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ(၂၁)ရက်နေ့မှ ဇန်နဝါရီလ(၂၇)ရက်နေ့ အထိ နေ့စဉ် နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေရာ။ MICT Park, ရန်ကုန်မြို့။

စာပေဗိမာန်ပြည်သူ့လက်စွဲစာအုပ်များနှင့် သုတပဒေသာစာစောင် ဖြန့်ချိရောင်းချ

ရန်ကုန် ဇန်နဝါရီ ၂၅

အရာရာကို သိချင်၊ တတ်ချင်၊ လေ့လာချင်တတ်သည့် ကလေးတို့အတွက် ကောင်းနိုးရာရာအကြောင်းရပ်များကို စုစည်းပြီး ပြုစုထုတ်ဝေသည့် စာပေဗိမာန်စာမူဆု၊ ကလေးစာပေဆုရ ဒေါက်တာကိုကိုကြိုင်၏ ကလေးများအတွက် စွယ်စုံကျမ်းစာအုပ်၊ မျိုးတုံးပျောက်ကွယ်လုနီးပါး ရှိပြီဖြစ်သော ဆလုံလူမျိုး လူနည်းစုတို့၏ ဘဝခလေ့ကို သုတေသနပြုစု၍ ပြည်သူတို့ထံ တင်ပြထားသည့် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဆုရ တက္ကသိုလ်ကိုလတ်၏ ပင်လယ်ပျော်မော်ကင်းစာအုပ်နှင့် နိုင်ငံတကာ စာနယ်ဇင်းများမှ ကောင်းနိုးရာရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို ဘာသာပြန်ဆိုထုတ်ဝေသည့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာ စာစောင် အတွဲ – ၃၁၊ အမှတ် – ၁ စာအုပ်တို့ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် စာအုပ် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၀၄ ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲကို သတ်မှတ်ထားသည့် နယ်ဖုန်များ၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ အထက်မြန်မာပြည်ဇုန် မုံရွာမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အောက်မြန်မာပြည်ဇုန် ဟင်္သာတမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင် ကစားကြရာ နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

(သတင်းစဉ်)

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သံအမတ်ကြီးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၅

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်၍ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီး ဌာနဝန်ကြီး ဦးတင်ဝင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့ ပါဝင်သောအဖွဲ့သည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များလိုက်ပါလျက် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးအကောင်အထည်ဖော် ဆောင်ရွက်ချက်များ လေ့လာရန် ဇန်နဝါရီ ၂၃ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဟဲဟိုးလေဆိပ်သို့ နံနက် ၈နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။ လေဆိပ်ရှင်းလင်းဆောင်၌ ဝန်ကြီးများက ခရီးစဉ်ရည်ရွယ်ချက်နှင့် သွားရောက်လေ့လာမည့် နယ်မြေအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ ဟဲဟိုးမှလေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မိုင်းဆတ်မြို့သို့ နံနက် ၁၀နာရီ ၂၅မိနစ်တွင် ရောက်ရှိကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဦးဆောင်သော ဝန်ကြီးများနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ဝမ်ဟုန်မြို့တွင် ဝမ်ဟုန်ဒေသ ဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ဘိန်းအစားထိုး စိုက်ပျိုးရေး လုပ်ငန်းများကို ကြည့်ရှုကြစဉ်။ (မူးယစ်ဗဟို)

ဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် မိုင်းဆတ်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် မိုင်းယွန်းသို့ ဆက်လက်ထွက်ခွာခဲ့ရာ တိုင်းရင်းသားခေါင်းဆောင် ဦးတာကပ်နှင့်အဖွဲ့က ကြိုဆိုပြီး ရှင်းလင်းဆောင်၌ ဒေသ ဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအခြေအနေများကို ရှင်းလင်းပြောကြားရာတွင် မိုင်းယွန်းမြို့ကို ၁၉၇၇ခုနှစ်မှစတင်ထူထောင်ခဲ့ကြောင်း၊ လူဦးရေ၂၅၈၀၀ခန့်ရှိပြီး ရှမ်း၊ "ဝ"၊ အခါ၊ လားဟူ စသည့် တိုင်းရင်းသားများ နေထိုင်ကြကြောင်း၊ တိုင်းရင်းသားများအနေဖြင့် မြို့ပြဖွံ့ဖြိုးလာသည်နှင့် ပြောင်းရွှေ့ နေထိုင်လာကြကြောင်း၊ မိုင်းယွန်းတွင် မူလတန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်းရှိပြီး ကျောင်းသားဦးရေ ၁၅၀၀ခန့်တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ဆေးရုံတစ်ရုံဆောက်လုပ်ထားကြောင်း၊ စိုက်ပျိုးသီးနှံပိုင်းတွင် အထွက်တိုးစပါးများ စိုက်ပျိုးနိုင်ရန် တစ်ပိုင်တစ်နိုင် ဆည်မြောင်းတာတမံ အသေးစားများ၊ လမ်းတံတားများ တည်ဆောက်နိုင်ခဲ့သဖြင့် ဒေသဝမ်းစာဖူလုံရုံမက ပန်ဆန်းသို့ပင် ဆန်စပါးများ ထောက်ပံ့နိုင်ခဲ့ကြောင်း။

မိုင်းယွန်း-မိုင်းဆတ်လမ်းကိုလည်း ဖောက်လုပ်နိုင်ခဲ့သဖြင့် ကျန်းမာရေးအတွက်မိုင်းဆတ်ဆေးရုံသို့အချိန်မရွေး သွားရောက်ဆေးကုသမှု ခံယူနိုင်ခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ငွေကြေးနှင့် ပစ္စည်းအထောက်အပံ့များ၊ နှစ်စဉ်ဘဏ္ဍာငွေခွဲဝေချထားပေးမှုများ၊ 'ဝ'ဒေသ ဖွံ့ဖြိုးရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းချပေးမှုများ စသည့် စီးပွားရေးအရင်းအမြစ်များကို အခြေပြု၍ ဒေသပြည်သူများကို မှန်ကန်သော စီးပွားဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ တင်ပေးနိုင်ခဲ့သဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း ရှင်းလင်းပြောကြားကာ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေရှင်းသည်။

ထို့နောက် ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည်မိုင်းယွန်းမြို့တွင်ရှိ ဆန်စက်နှင့် ရေအားလျှပ်စစ်စက်ရုံများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာပြီး တပ်မတော် ရဟတ်ယာဉ်များဖြင့် မိုင်းယွန်းမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၁နာရီ၁၀မိနစ်တွင် ဝမ်ဟုန်သို့ ရောက်ရှိကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား တိုင်းရင်းသားခေါင်းဆောင် ဦးတာပလောင်နှင့် အဖွဲ့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ ဆက်ဆံရေးအရာရှိ ဦးကျော်နိုင်က ဝမ်ဟုန်ဒေသ ဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားရာတွင်မိမိတို့ဒေသအနေဖြင့်၁၉၈၉ခုနှစ်မှ စတင်ကာ နိုင်ငံတော်အစိုးရ ဦးဆောင်မှုအောက်တွင် ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် ကြီးမားသည့်အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

'ဝ'ဒေသ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၁၉၈၉ ခုနှစ်မှ စတင်ကာ ၃၅ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း၊ တစ်နှစ်လျှင် ဘိန်းတန်ချိန်၈၀ခန့်ကျဆင်းခဲ့ကြောင်း၊ မိမိတို့ အဖွဲ့အစည်းမှ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ဆောင်ပြီး လူနေမှုဘဝ မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ၂၀၀၃ ခုနှစ်တွင် ရိက္ခာဆန်တန်ချိန် ၃၂၅၀၀ ခန့်ထွက်ရှိခဲ့သဖြင့် ဒေသဝမ်းစာဖူလုံသည့်အပြင် တန်ချိန် ၆၀၀၀ ခန့်ကို ပြင်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ပြောင်းထုတ်လုပ်မှုတွင်လည်း ၂၀၀၃ ခုနှစ်တွင် တန်ချိန် ၃၀၀၀ခန့် အထိတိုးတက်ထုတ်လုပ်ခဲ့သဖြင့်တာချီလိတ်ရှိတိရစ္ဆာန်အစာထုတ်စက်ရုံသို့ ရောင်းချကာ ဝင်ငွေတိုးတက်ရရှိခဲ့ကြောင်း။

ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းကို တရုတ်နိုင်ငံမှ ပညာရှင်များနှင့် နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များကို ရယူဆောင်ရွက်နိုင်ခဲ့သဖြင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းတန်ချိန် တစ်သောင်းခန့်ကို ပြည်တွင်းပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဆန်၊ ပြောင်း၊ လိမ္မော်နှင့်နှင်းသီးတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို ဒေသအလိုက် ရေသွယ်မြောင်းများ တူးဖော်၍ ဆောင်ရွက်ခဲ့ရာ မိုင်းကန်ဒေသတွင် ငါးခု၊ ရောင်ပန်းဒေသတွင် လေးခု၊ ဝမ်ဟုန်ဒေသတွင် ငါးခု၊ ဟိုပန်ဟိုရွက်ဒေသတွင်သုံးခု၊ ဟွေအောဒေသတွင် ၁၁ ခုနှင့် မုံးကျွက်ဒေသတွင် နှစ်ခုတို့ကို ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊အသေးစားရေလှောင်တမံများကိုဝမ်ဟုန်ဒေသတွင် နမ့်ကျန်းတမံတစ်ခု၊ယုံဆော် ရေလှောင်တမံသုံးခု၊ ဟွေအောဒေသတွင် နမ့်ဟူတမံတစ်ခုနှင့် ပါဒယ်တမံတစ်ခု ပေါင်းခြောက်ခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် ယခုအချိန်ထိ ဆောက်လုပ်ပြီးစီးခဲ့သော ကားလမ်းနှင့် တံတားငယ်များမှာ ကျိုင်းတုံ-တာချီလိတ် ကားလမ်း ၁၇၀ ကီလိုမီတာနှင့် တံတားငယ် ၇၅ စင်း၊ တာချီလိတ်-မိုင်းဆတ်ကားလမ်း ၁၂၀ ကီလိုမီတာနှင့် တံတားငယ် ၁၃ စင်း၊ မိုင်းဆတ်-မိုင်းပျဉ်းကားလမ်း ၆၀ ကီလိုမီတာနှင့် တံတားငယ် ၁၇ စင်း၊ မိုင်းဆတ်-ရောင်ပန်း ကားလမ်း ၉၀ ကီလိုမီတာနှင့် တံတားငယ် ၂၂ စင်း၊ မိုင်းဆတ်-ဘီပီ(၁)ကားလမ်း ၁၃၄ ကီလိုမီတာနှင့် တံတားငယ် ၄၃ စင်း၊ မိုင်းတုံ-တာဆန်းကားလမ်း ၁၀ကီလိုမီတာနှင့် ဟွေအော-မုံးကျွက်ကားလမ်း ၂၀ကီလိုမီတာနှင့်တံတားငယ်ခုနစ်စင်း၊ ကားလမ်းအရှည် စုစုပေါင်း၆၀၄ကီလိုမီတာနှင့် တံတားငယ် ၁၇၇ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

ဤအခြေအနေသို့ ရောက်အောင် အဘက်ဘက်က ထောက်ပံ့ကူညီပေးသော နိုင်ငံတော် အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဝန်ကြီးများနှင့် သံအမတ်ကြီးများအဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဝမ်ဟုန်မှထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီခွဲတွင် ယောင်ခစ်ပြကျေးရွာသို့ ရောက်ရှိကြသည်။ ဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား တိုင်းရင်းသားခေါင်းဆောင် ဦးထင်ကြီးဝင်နှင့် ယောင်ခစ်ပြကျေးရွာတည်ထောင်ရေးစီမံကိန်းမှ တာဝန်ရှိသူတို့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ မြန်မာ-ထိုင်းမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး၊ ယောင်ခစ်ပြကျေးရွာ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံချင်းရိုင်ရှိ ဒွိုင်တုံးစီမံကိန်းမှ မစ္စနာဝမ်က ရှင်းလင်းတင်ပြရာတွင် ဤစီမံကိန်းကို ထိုင်းအစိုးရက ဘတ်သန်း၂၀ထောက်ပံ့ပေးပြီး စီမံကိန်းလုပ်ငန်းကို ၂၀၀၂ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းအရ ယောင်ခစ်ပြကျေးရွာတွင် ကျန်းမာရေး၊ ပညာရေး၊ ရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းဖောက်လုပ်ရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ပညာရေးအတွက် ကျောင်းသား ၅၀၀ဆံ့ငါးခန်းတွဲ ကျောင်းဆောင် သုံးဆောင်နှင့် သုံးခန်းတွဲကျောင်းဆောင် တစ်ဆောင်မှာ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ဆရာ၊ ဆရာမ၁၀ဦး၊ ကျောင်းသား၊ ကျောင်းသူ၂၂၂ဦးဖြင့် မူလတန်းကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၁၆ခုတင်ဆံ့ ဆေးရုံတစ်ရုံနှင့် ဆရာဝန်နေအိမ် တစ်လုံး၊ နှစ်ခန်းတွဲ သူနာပြုနေအိမ်တစ်လုံးနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံးတို့ကိုလည်း ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ၁၆ခုတင်ဆံ့ဆေးရုံကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဆရာဝန်တစ်ဦး၊ သူနာပြု ဆရာမ လေးဦးတို့ဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် အသေးစားတမံခြောက်ခု၊ ရေသွယ်မြောင်း၂၀ကီလိုမီတာတို့ကို ကျေးရွာလူထုနှင့် ပူးပေါင်းတည်ဆောက်ခဲ့ရာ လယ်မြေဧက ၈၀၀ ကျော်ကို ဖော်ထုတ်၍ တစ်နှစ်ပတ်လုံး ရေပေးဝေစိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ ထို့ပြင် စံပြစိုက်ပျိုးရေး ပညာပေးအနေဖြင့် ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံများ၊ နှစ်တိုနှစ်ရှည်သီးနှံများ စိုက်ပျိုးမှုများကို ပညာပေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြောင်း၊ပဲပုပ် မျိုးစေ့များနှင့်မှျစ်ချို၊ မက္ကဒေမီးယား စသည့် ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးစေခဲ့ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်များတူးဖော်၍ ငါးရူ၊ တီလားဘီယားစသည့် ငါးများ မွေးမြူပညာပေးခြင်း၊ ကြက်၊ ဝက်များ မွေးမြူထားရှိပြီး ကျေးရွာအိမ်ထောင်စုများသို့ ဖြန့်ဝေပေးရန် စီစဉ်ထားရှိကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားပြီး ယခုကဲ့သို့ ယောင်ခကျေးရွာကို မိမိတို့အနေဖြင့် စံပြကျေးရွာအဖြစ် အောင်မြင်စွာ ထူထောင်ပေးနိုင်သကဲ့သို့အခြားမဖွံ့ဖြိုးသေးသည့်ကျေးရွာများကိုလည်းအလားတူ ဖွံ့ဖြိုး တိုးတက်အောင် နိုင်ငံတကာအသိုင်းအဝိုင်းကဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ရှင်းလင်းပြော ကြားသည်။ ထို့နောက် သံအမတ်ကြီးများနှင့် သံအရာရှိများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းဌာနေကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားပြီး မူလတန်းကျောင်းနှင့် ဆေးရုံများသို့ လှည့်လည်ပြသသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ယောင်ခစ်ပြကျေးရွာမှ ဆက်လက် ထွက်ခွာခဲ့ရာ ညနေ ၄နာရီ ၁၀မိနစ်တွင် မိုင်းလားသို့ ရောက်ရှိကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဖွဲ့အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသား ခေါင်းဆောင် ဦးစိုင်းလင်းနှင့်အဖွဲ့က ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ တိုင်းရင်းသားခေါင်းဆောင်ဦးစံလူက ရှင်းလင်းတင်ပြရာတွင် ၁၉၈၉ခုနှစ်ဧပြီလကစပြီး ငြိမ်းချမ်းရေးယူရခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) နယ်မြေအဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ပေးခဲ့ကြောင်း၊ မိုင်းလား၊ ဆီလူး၊ နမ့်ပန်းနယ်မြေဒေသသုံးခုခွဲပြီး နိုင်ငံတော်က ချမှတ်ပေးသည့် ဒေသတည်ငြိမ်အေးချမ်းရေး၊ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားဝတ်နေမှုဘဝမြင့်မားရေး၊ မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေးဆိုသည့် တာဝန်ကြီးသုံးရပ်ဖြင့် ဆောင်ရွက်နေကြောင်း၊ မိမိတို့ဒေသတွင် ရှမ်း၊အခါ၊လယ်နှင့် အခြားလူမျိုးများ နေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတော်မှနှစ်စဉ်ချပေးသော ထောက်ပံ့ငွေများဖြင့် ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ရုပ်/သံလွှင့်ဌာနများဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ လယ်မြေသစ်ဖော်ထုတ်ခြင်း၊ အသေးစားဆည်မြောင်းတာတမံတည်ဆောက်ခြင်း၊ ပြည်သူများကို မျိုးကောင်းမျိုးသန့်နှင့် နည်းစနစ်များ ဖြန့်ဖြူးသင်ကြားပေးခြင်း၊ စိုက်ပျိုးစရိတ်ပံ့ပိုးပေးခြင်းတို့ကြောင့် ဝမ်းစာဖူလုံမှုရှိလာရုံမက ပိုလျှံမှုအား ထုတ်ရောင်းချနိုင်ခဲ့ကြောင်း။

မြို့ပြတည်ဆောက်ရေးစီမံကိန်းနှင့် လမ်းတံတားတည်ဆောက်ရေးတို့ကိုလည်းဆောင်ရွက်ခဲ့ကြောင်း၊ကျိုင်းတုံ-မိုင်းလား ၈၈ ကီလိုမီတာရှိ ကားလမ်းကို နိုင်လွန်ကတ္တရာခင်းနိုင်ခဲ့ကြောင်း၊ မြန်မာ-တရုတ်နယ်ခြား မှတ်တိုင်အမှတ်(၂၄၀)မှ မဲခေါင်မြစ် ဆွတ်လွှေဆိပ်ကမ်းအထိ ကားလမ်းကိုလည်း ကတ္တရာခင်းလမ်းအဖြစ်လည်းကောင်း၊ မိုင်းလားမှ ဆီလူးအထိ ၅၄ကီလိုမီတာ အရှည်ရှိကားလမ်းနှင့် မိုင်းလားမှ မဲခေါင်မြစ်ဆွတ်လွှေ ဆိပ်ကမ်းအထိ ၂၂၃ကီလိုမီတာအရှည်ရှိ ကားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်လျက်ရှိကြောင်း၊ တံတားကြီး အနေဖြင့် ကျောက်ခုံးတံတားနှစ်စင်း၊ သံကြိုးတံတားတစ်စင်းရှိကြောင်း။

မိုင်းလားတွင် ဟိုတယ်ကြီး၊ငယ်များစွာ တည်ဆောက်ထားခဲ့သဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မိုင်းလားမြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား လိုက်လံပြသပြီး မိုင်းလားမှထွက်ခွာခဲ့ရာ ကျိုင်းတုံမြို့သို့ ညနေ ၅နာရီခွဲတွင် ရောက်ရှိကြသည်။

ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံအရာရှိများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအဖွဲ့သည် ညနေ ၆နာရီခွဲတွင် ကျိုင်းတုံဟိုတယ် သစ်ခန်းမ၌ တွေ့ဆုံကြပြီး ယနေ့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ပတ်သက်၍ ဝန်ကြီးများက နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးတို့ကို ဒေသအလိုက် အခြေအနေများ၊ ဒေသများ၏ နောက်ခံသမိုင်းကြောင်းနှင့် ယခုလက်ရှိဖွံ့ဖြိုး တိုးတက်တည်ငြိမ်အေးချမ်းနေမှုနှင့် မူးယစ်ဆေးဝါး ချုပ်ငြိမ်း ပပျောက်ရေး ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

(သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲ ကြည့်ရှုအားပေးသူများစည်ကား

ရန်ကုန် ဇန်နဝါရီ ၂၅

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ် နယ်မြေရှိ MICT Park ၌ ပဥ္စမနေ့အဖြစ် ဆက်လက်ကျင်းပသည်။ ပြပွဲသို့ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ပြည်သူများ၊ နိုင်ငံခြားသားများနှင့် အသင်းအဖွဲ့များမှ အသင်းအဖွဲ့အလိုက်၊ ကျောင်းအလိုက်နှင့် တစ်ဦးချင်းရော၊ မိသားစုအလိုက်ပါ လာရောက် လေ့လာကြရာ လေ့လာကြည့်ရှု အားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကြည့်ရှုအားပေး

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲတွင် ပြသထားသော ပြခန်းများ၌ ပြည်သူများ စည်ကားစွာလေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

တစ်ဦးတည်းကိုယ်စားလှယ်

ပြပွဲတွင် Kyaw Zeyar Tele communication Services Co., Ltd မှ ဂျပန်နိုင်ငံ မစ်ဆူဘီရှိ ကုမ္ပဏီမှ ထုတ်လုပ်သော Panasonic အမှတ်တံဆိပ် Telecommunication & Office Automation ပစ္စည်းများကို တစ်ဦးတည်းကိုယ်စားလှယ် တင်သွင်းရောင်းချလျက်ရှိပြီး မြန်မာတစ်ပြည်လုံးရှိ ဈေးကြီးများ၊ မြို့များ၊ Super Market များ၊ ကွန်ဒိုမီနီယံများနှင့် အစိုးရဌာနများတွင် လိုင်းခွဲအိတ်ချိန်းများ၊ လုံခြုံရေးကင်မရာစနစ်များ (CCTV)နှင့် Laser Fax များကို After Sales Service & Warrantee ပေးကာ တပ်ဆင်ပေးလျက်ရှိသည်။ပြပွဲတွင် Internet နှင့် Communications ကို ပေါင်းစပ်အသုံးပြုသော နောက်ဆုံးပေါ် Panasonic iP PBXကို ပြသထားသည်။ အဆိုပါ iP PBX မှာ လိုင်းခွဲ (Exchange) တစ်မျိုးဖြစ်ပြီး လိုင်းခွဲများမှ Voice နှင့် Data ပါ တွဲဖက်အသုံးပြုနိုင်ကြောင်း သိရသည်။

Myanmar Technology Zone (T Zone) တွင် Software အနေဖြင့် စီးပွားရေးလုပ်ငန်းသုံး Software Packages များနှင့် Myanmar Digital Directory Web Site တို့ကို ပြသထားပြီး Hardware အနေဖြင့် Latest PCများ၊Notebook၊ Pocket PC၊ PDA များနှင့် ကွန်ပျူတာသုံး ဆက်စပ်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

Myanmar Millennium Group Co., Ltd တွင် Linkskys (R)၏ Authorized Distributor ဖြစ်ပြီး Network ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းရှင်များ၏ Network Security အတွက် Fortigate Antivirus Firewall၊ ရုံးဌာန ကုမ္ပဏီများအတွက် သီးသန့်ကွန်ရက် Virtual Private Network (VPN) များ တည်ထောင်နိုင်ရန် Netscreen High Performance APN/Firewall Products များအပြင် ရုံး၊ ကုမ္ပဏီ ဝန်ထမ်းများ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရေးအချက်အလက်များကို စနစ်တကျသိမ်းဆည်းထားနိုင်ပြီး ID Card မျိုးစုံကို လျင်မြန်စွာ ထုတ်ပေးနိုင်သော Smart ID Card Software များကို ပြသထားသည်။

ခင်းကျင်းပြသ

Queen Star Computer Center သည် BENQ ၏ Direct Channel Partner အဖြစ် LCD Monitor၊ CRT Monitor၊ CD Rom၊ DVD Rom၊ CD RW၊ Scanner အစရှိသော ထုတ်ကုန်များကို ပြသထားသည်။ ထို့အတူ D.Link မှ ထုတ်လုပ်သော Switch Hub၊ Network Card၊ Modem၊ Network Cable၊ RJ-45 Connector နှင့် ဆက်စပ်ပစ္စည်းများကိုလည်း ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

Spring Commercial Co., Ltd မှ အနယ်နယ်အရပ်ရပ်ရှိ လူတိုင်းသုံးစွဲနိုင်ရန် ဈေးနှုန်းချိုသာ၍ အရည်အသွေးပြည့်မီပြီး စိတ်ချရသော ကွန်ပျူတာနှင့် အပိုပစ္စည်းများနှင့် အင်တာနက်ချိတ်ဆက် ပစ္စည်းများကို အဓိကထားပြသရောင်းချလျက်ရှိပြီး ဝယ်ယူသူများ စိတ်ချမ်းသာစွာအသုံးပြုနိုင်ရန် ငါးနှစ်လက်ခမဲ့ဝန်ဆောင်မှုပံ့ပိုးလျက်ရှိကြောင်း သိရသည်။

ပြသရောင်းချ

Dagon Communication Co., Ltd မှ Interactive Learning CD Rom များ၊ Micro Softword & Window XP Power Point နှင့် Internet & E.Mail Graphic Design ပညာရပ် သင်ယူသူများအတွက် Photoshop 7 CD Rom များ၊ အင်္ဂလိပ်စကားပြော လေ့လာသူများအတွက် Practical English CD Rom များစသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ပြသရောင်းချလျက်ရှိသည်။

Potency Computer Sales & Service Centre မှ Computer Sales, Service & Regular Maintenance လုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများ၊ ရုံးအဖွဲ့အစည်းများ၊ ကုမ္ပဏီများတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Local Area Network System များအတွက် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုများကို စာချုပ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဓိကရည်ရွယ်ချက်မှာ မဖွံ့ဖြိုးသေးသော မြို့ရွာများအတွက် IT နှင့်ပတ်သက်သော ပတ်ဝန်းကျင်များ ဖန်တီးပေးခြင်းနှင့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်ဖြစ်ကြောင်း သိရသည်။

Inforithm-Maze Co., Ltd မှ Software များ၊ Web Side များ ထုတ်လုပ်လျက်ရှိပြီး Hyper Link Media နှင့် ပူးပေါင်းတင်ဆက်ထုတ်လုပ်ဖြန့်ချိလျက်ရှိသော မြန်မာ့မဟာဂီတအခြေခံစီဒီရွှမ်တွင် ကမ္ဘာသုံးဂီတသင်္ကေတနည်းပညာ၊ မြန်မာ့မဟာဂီတ အခြေခံသင်ရိုးကြိုး ၁၃ပုဒ်၊ မြန်မာ့တူရိယာများ၏ တီးကွက်၊ တီးဟန်သံစဉ်များ၊ မဟာဂီတစာဆိုတော်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် သီချင်းတို့ကို ထည့်သွင်းထားသော စီဒီရွှမ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။ Fascinating Myanmar ခရီးသွား စီဒီရွှမ်ကိုလည်း ထုတ်ဝေဖြန့်ချိရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Expo Myanmar Co., Ltd မှ Digital EPABX Toshiba တယ်လီဖုန်းလိုင်းခွဲစက်များကို ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ သီရိဂုဏ်၊ ဝေဇယန္တာ၊ မေခ၊ ရွှေကိန္နရီ၊ မလိခ၊ ဇောတိက၊ သုမင်္ဂလာနှင့် ရှုခင်းသာအိမ်ရာများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ ရတနာမွန်၊ အေးရိပ်မွန်၊ မြကန်သာ၊ ဟံသာရိပ်မွန်၊ မင်္ဂလာဆင်မင်း၊ မြနန္ဒာနှင့် သီရိမင်္ဂလာ အိမ်ရာများတွင် အကောင်အထည်ဖော်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

လွန်းပြန်ယာဉ်များပြေးဆွဲ

ပြပွဲကို ဇန်နဝါရီ ၂၇ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း အများပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသလျက်ရှိရာ ပြပွဲလာပြည်သူများ သွားလာမှုလွယ်ကူစေရန် လွန်းပြန်ယာဉ်များ အခမဲ့ ပြေးဆွဲလျက်ရှိသည်။

ဇန်နဝါရီ ၂၆ရက် နံနက် ၉နာရီတွင် Wireless and Broadband Application Seminar နှင့် မွန်းလွဲ ၁နာရီတွင် Myanmar National Counter-Strike Championships Final တို့ကို ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၃ခုနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဇန်နဝါရီ ၃၁ရက် နံနက် ၁၀နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ရာ အမျိုးသမီးအဖွဲ့ဝင်ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၉)ရပ်ကွက်၊ အမှတ်(၄၃၇)နေ ဗိုလ်ကြီးခင်ဦး–ဒေါ်မြမြစိုး (ခိုင်ရွှေဝါအထည်ဆိုင်)တို့၏ တစ်ဦးတည်းသောသား

မောင်နေမျိုးဦး B.Sc (Hons;) Maths;

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ(၃)လမ်း၊ အမှတ် (၄၇၆)နေ ဦးအောင်မောင်း (မြို့နယ်စိုက်ပျိုးရေးအရာရှိ–ငြိမ်း)–ဒေါ်စွဲ့သိန်းရင် တို့၏ သမီးငယ်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၇၄)နေ ဦးဘသန်း–ဒေါ်စွဲ့ခင်မာဝင်း တို့၏ ညီမ

မစွဲ့ဝင်းဝင်းအောင်(ခ)အငယ်

B.Sc(Hons;) M.Sc (Engineering Maths) Yr(2) Y.U

LCCI (Level II,III)(DBL)

တို့၏ ၂၅–၁–၂၀၀၄ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဆောင်မွန် ပေးပို့ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်နီနီ၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာဦးအောင်မွန်နှင့် ဇနီး ဒေါက်တာသန်းသန်းတင်(ခ) ချယ်ရီ[ပါမောက္ခ၊ ဌာနမှူး၊သားဖွားနှင့်မီးယပ်ပညာဌာန (ဗဟိုအမျိုးသမီး)ဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်]၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းငွေနှင့် ဇနီး ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးစိုးညွန့်(ထိလာစစ်သူ) [ဒုတိယဝန်ကြီး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန]နှင့် ဇနီးဒေါ်လှယဉ်ယဉ်စိုး၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁–၁–၂၀၀၄ရက် ဗဟိုတရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဦးဘသန်းနှင့်ဒေါ်စွဲ့ခင်မာဝင်း၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးနှင့် မင်္ဂလာပန်းကြဲပေးသော တူမငယ် မေသကြဉ်နီဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ် ကိုင်ဆောင်ပေးသော တူမငယ် သော်တာသန်း၊ သတို့သား သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မောင်အောင်သူရနှင့် မောင်ဟိန်းသန့်စင်၊ မမေထက်ထက်အောင်နှင့် မခိုင်သဇင်ဦး၊ အခါတော် တေးသီချင်း သီဆိုပေးသော တေးသံရှင် စိမ်းမိုမို၊ The Aces တေးဂီတအဖွဲ့၊ စိန်လက်ဝတ်ရတနာ ဆင်မြန်းပေးသော ကိုဝင်းနိုင်နှင့် ဇနီး မစမ်းစမ်း၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးသော ကိုမာ၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့တို့အားလည်းကောင်း၊ ၁၃–၁–၂၀၀၄ရက် မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် Yuzana Garden Holel မှ မန်နေဂျာ၊ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်နေမျိုးဦး–မစွဲ့ဝင်းဝင်းအောင်(ခ)အငယ်။

လမ်း၅၀ ဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၅)ရပ်ကွက် လမ်း ၅၀ (အောက်လမ်းသွယ်) ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာန နာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ် ဓမ္မကထိက ဘဒ္ဒန္တ မာလာစာရ (ဓမ္မာစရိယ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဇန်နဝါရီ၃၀ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိ ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ (က–ပ)

ရောင်းမည်

[illegible] 40' x 60' [illegible]
[illegible] 35' x 75' [illegible]
Tower [illegible]
[illegible]
[illegible] 80' x 150' [illegible]
[illegible]

e-Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့် အစီအစဉ်

မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ

၂၆–၁–၂၀၀၄ (တနင်္လာနေ့)

- ❑ – Importance of Connectives
- ❑ – Air Pollution

၂၇–၁–၂၀၀၄ (အင်္ဂါနေ့)

- ❑ – ငွေ့ရည်ဖွဲ့ခြင်း
- ❑ – National Unification of Alaungmintaya (1714-1760)

၂၈–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ – Nationalist Movement in the G.C.B.A Period
- ❑ – အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်တရား အမြင်များကို ဒဿနပညာရှုထောင့်မှ ဆန်းစစ်တင်ပြခြင်း

၂၉–၁–၂၀၀၄ (ကြာသပတေးနေ့)

- ❑ – The Concept of Normality and Abnormality
- ❑ – An Introduction to the Study of Law

၃၀–၁–၂၀၀၄ (သောကြာနေ့)

- ❑ – အခြေခံပါဠိသဒ္ဒါပို့ချချက်(၁) အက္ခရာ
- ❑ – Ozone Layer Depletion as an Enviromental Issue

၃၁–၁–၂၀၀၄ (စနေနေ့)

- ❑ – အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

၁–၂–၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ – အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

ရှာလွှတ်ကျေးရွာ ဘ၀သစ်စာကြည့်တိုက်ဖွင့် စာကြည့်တိုက်အကြောင်း ဟောပြော

ချောင်းဆုံ ဇန်နဝါရီ ၂၀

ချောင်းဆုံမြို့နယ် ရှာလွှတ်ကျေးရွာ ဘ၀သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်

ရွာဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းက ဘ၀သစ်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဆရာဦးဘချစ်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်ကစာကြည့်တိုက်အကြောင်းဟောပြောသည်။ **(က-ပ)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဇနီး ဒေါ်ခင်မြချစ် မိသားစုက စစ်ကိုင်းတိုင်းဝက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာခန်းမအတွက်ကွန်ပျူတာနှင့် ပရင်တာလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက်က အဆိုပါ ကျောင်း မြရည်နန္ဒာ ခန်းမတွင် ကျင်းပပြီး အလှူရှင် မိသားစု ကိုယ်စား ဦးတင်ဝင်း (အထက ဝက်လက်) က လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (၁၃၉)

အမှာစကားပြောကြား

ဇန်နဝါရီ၁၉ ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဖွင့်လှစ်သည့် မြန်မာ့သိုင်း သင်တန်းအမှတ်စဉ် ၁/၂၀၀၄ သင်တန်းဖွင့်ပွဲတွင် ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မြ အမှာစကား ပြောကြားစဉ်။ (၁၆၅)

ပြန်ကြားရေးလုပ်ငန်းများ တိုးတက်ရေးဆွေးနွေး

သီပေါ ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကို၊ ဒုတိယဦးစီးမှူး ဦးကျော်ဝင်းကိုနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၇ ရက်က သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးသို့ ရောက်ရှိပြီး ပြန်ကြားရေးလုပ်ငန်းများ တိုးတက် အောင်မြင်မှု ရှိစေရေးအတွက် ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်း

ထို့နောက် သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က လုပ်ငန်းများကို ရှင်းလင်းသည်။

(၂၄၇)

ငှက်မင်းကုန်း–ကျောင်းရွာလမ်းခင်းနိုင်ရေးစစ်ဆေး

သာစည် ဇန်နဝါရီ ၁၅

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများအနက် ငှက်မင်းကုန်း–ကျောင်းရွာ–သမင်ဇာကုန်းလမ်းပိုင်း ခင်းကျင်းနိုင်ရေးအတွက် စီစဉ်အကောင်အထည်ဖော်လျက်ရှိရာ ဇန်နဝါရီ ၁၀ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးလှသောင်းသည် လမ်းအရှည် ပေ၂၄၀၀၊ အကျယ် ၁၂ပေ တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါ လမ်းခင်းကျင်းနေသော ငှက်မင်းကုန်း–ကျောင်းရွာ–သမင်ဇာကုန်းလမ်းကြီးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှင့် ကျေးရွာပြည်သူလူထုတို့ ပူးပေါင်း၍ဖောက်လုပ်ခဲ့သောလမ်းဖြစ်ကြောင်းသိရသည်။

(၄၂၅)

မြို့နယ်သတင်းများ

မြို့စိမ်းလန်းစိုပြည်ရေး ပန်းများစိုက်ပျိုး ညွှန်မှူးနှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

လွိုင်လင် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင် မြို့တွင်းလမ်းများ၊ ပန်းခြံများ စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပန်းပျိုးဥယျာဉ်တည်ဆောက်လျက် ပန်းမျိုးစုံစိုက်ပျိုးလျက်ရှိသည့်အပြင် လက်ရှိလွိုင်လင်အပန်းဖြေပန်းခြံအတွင်း အလှပန်းများစိုက်ပျိုးလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးသောင်းစိန်၊ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဗျားနိုတို့သည် ဇန်နဝါရီ ၁၅ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လွိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းက လုပ်ငန်းခွင်များသို့ လိုက်လံရှင်းလင်းပြသသည်။ **(အောက်ပုံ)**

လွိုင်လင်ခရိုင် မြို့တော်အဆင့်မြင့် စိမ်းလန်းစိုပြည်လှပရေးအတွက် စနစ်တကျလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ညွှန်ကြားမှုများ၊ အကြံပြုချက်များ ကွင်းဆင်း ကြည့်ရှုပံ့ပိုးခဲ့ကြောင်းသိရသည်။

(၃၀၅)

ကျပန်း စကားပြောပြိုင်

ကောလင်း ဇန်နဝါရီ ၁၄

ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးပြုလုပ်သော (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၄ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။ **(၂၁၄)**

ညောင်ရွှေမြို့နယ်တွင် သစ်သားတံတားဖွင့်လှစ်

ညောင်ရွှေ ဇန်နဝါရီ ၁၉

ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သစ်သားတံတားဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မိုင်းလီချောင်းကူး မင်္ဂလာတံတားမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ (ရှမ်း/တောင်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်မြင့်နှင့် ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မင်္ဂလာသစ်သားတံတားမှာအရှည် ၂၁၀ပေ၊ အကျယ် ၁၄ပေ နှင့်အမြင့် ၁၀ပေရှိပြီး ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှငွေကျပ် ၂၀၄၀၀၀၀ အကုန်အကျခံ ဆောက်လုပ်ပေးခဲ့ကြောင်းသိရှိရသည်။ **(ညောင်ရွှေ ပြန်/ဆက်)**



မော်လမြိုင်မြို့နယ် နယ်လှည့်စာကြည့်တိုက်ဖွင့် စာဖတ်ဝိုင်းများ ပူးပေါင်းကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၂၃

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြာအင်းစုံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပြုလုပ်သည်။ စာကြည့်တိုက်ဖွင့်ပွဲအပြီးတွင် ခရိုင်ပြန်/ဆက် မြို့နယ်ဦးစီးမှူး ဦးစိန်ဝင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရင်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးနှင့် စာကြည့်တိုက်မှူးများ ပူးပေါင်း၍ စာဖတ်ဝိုင်းများ ကျင်းပခဲ့ကြသည်။

အလားတူ ကော့တွန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပြီး စာဖတ်ဝိုင်းများ ပြုလုပ်ရာ ပြန်/ဆက်မြို့နယ်ဦးစီးမှူး ဦးစိန်ဝင်းနှင့် အဖွဲ့ဝင်များက ခရိုင် ပြန်/ဆက်မှ ဂျာနယ်စာစောင်များကို ကျေးရွာများသို့ ပေးလှူခဲ့သည်။

(ခရိုင်ပြန်/ဆက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၀၃ ခုနှစ် ဒုတိယနှင့်တတိယလေးလပတ်လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၀၃ ခုနှစ် ဒုတိယနှင့် တတိယ လေးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ် မြင့်သိန်း၊ ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတားအဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ရှိ အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကား

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝန်ထမ်းများ၏ သား၊ သမီးများမှ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ကြီးဌာန၏ ပြည်တွင်း၊ ပြည်ပထူးချွန်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင်ဝန်ကြီး ဗိုလ်ချုပ်စောထွန်းကဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင်တစ်ဦးနှင့် အားကစားထူးချွန်သူနှစ်ဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေက ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် အားကစားထူးချွန်သူလေးဦးတို့လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက လေးဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့် အားကစား ထူးချွန်သူလေးဦးတို့အားလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်က သုံးဘာသာ ဂုဏ်ထူးရှင်နှစ်ဦးနှင့် အားကစားထူးချွန်သူခြောက်ဦးတို့အားလည်းကောင်း၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်က လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် အားကစား ထူးချွန်သူသုံးဦးတို့အားလည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်က ဂုဏ်ထူးရကျောင်းသား ရှစ်ဦးတို့အားလည်းကောင်း ဆုများပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှယ်နီမဂ္ဂဇင်း ၂/ ၂၀၀၄ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅

နှယ်နီမဂ္ဂဇင်း အတွဲ (၁၄) အမှတ် ၂/ ၂၀၀၄ကို ဦးလွင်သိန်း (နေလစာပေ) အမှတ် ၁၈၃၊ (၃၁)လမ်း(ထက်)ရန်ကုန် ဖုန်း-၀၁-၇၀၃၈၂၃နှင့် ဦးထွန်းဦး (ထွန်းဦးစာပေ)အထက် မြန်မာပြည် ဖြန့်ချိရေးက တစ်နိုင်ငံလုံး သို့ ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ) (က-ပ)**

ဓမ္မဝိနယ စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ပြည်လမ်းရှိ တောရကျောင်းတိုက်ကြီး၌ စာမေးပွဲတာဝန်ခံ ကျောင်းတိုက် ပဓာနနာယက ချောင်းဦးဆရာတော် အရှင်ဓမ္မရက္ခိတနှင့် နာယက ဆရာတော်ကြီးများ၊ ကြီးကြပ်ရေး ဆရာတော်များ ကြီးမှူး၍ အကြိမ်(၂၀)မြောက် ဓမ္မဝိနယပရိယတ္တိစာမေးပွဲကြီးကို နှစ်စဉ်ကျင်းပ ပူဇော်မြဲအတိုင်း ၁၃၆၅ ခု တပို့တွဲလပြည့်ကျော် ၂ ရက်မှ ၅ ရက်ထိ လေးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ဓမ္မဝိနယစာမေးပွဲသို့ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ သုံးမြို့နယ် ကျောင်းတိုက်တို့မှ သောတုဇနစာဖြေ သံဃာတော် ၂၅၀ ကျော်တို့က သာမဏေတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့တွင် အသီးသီး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး အလှူရှင်များကလည်း ဒါနဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ် လှူဒါန်းပူဇော်သွားကြမည်ဟု သိရသည်။

(က-ပ)

မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၄)ကျေးရွာ ကျေးလက်ရေပေးရေးဖွင့်ပွဲကျင်းပ

တာချီလိတ် ဇန်နဝါရီ ၂၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၄)ကျေးရွာ ကျေးလက်ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ရန်ရှင်း(၄)ကျေးရွာ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကိုကိုနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်/မြို့နယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ခရိုင်/မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ကျေးရွာလူထုအင်အား စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

ထို့နောက် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကိုကိုနိုင်က ရန်ရှင်း(၄)ကျေးရွာ ကျေးလက်ရေပေးရေးနှင့် ပတ်သက်၍ ကျေးလက် စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းတွင် စည်ပင်သာယာရေး ဘဏ်လီမိတက်မှ လှူဒါန်းငွေကျပ် ၈၆၂၆၇၀ နှင့် ကျေးရွာပြည်သူလူထုနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စုပေါင်းဆောက်လုပ်ထားသော ရေစုကန်ပေ ၃၀ x ပေ ၁၀ x ၆ ပေကန်တစ်ကန်နှင့် ရေထွက်နေရာတွင် ရေစုကန်အား သဘာဝကျောက်တုံးများ ဖြင့်လည်းကောင်း၊ ဝါးကပ်ကာရံ၍ လည်းကောင်း၊ ချောင်းကျောက်/သဲများဖြင့် ဖြည့်စွက်၍ နိုဝင်ဘာ ၂၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်နေ့တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သည်။

ဆက်လက်၍ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်က အထိမ်းအမှတ်အလံငယ်များအား တာချီလိတ်ခရိုင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သီဟ၊ မိုင်းကိုးကျေးရွာအုပ်စု၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းကပ်ခမ်းတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။ (က-ပ)

အီလက်ထရောနစ် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

လူငယ်လူရွယ်များအတွက် အီလက်ထရောနစ်စက်ပြင်သင်တန်း (ရေဒီယို၊ ကတ်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗွီဒီယို၊ ဗွီစီဒီ) ပုံမှန်/အထူးသင်တန်းများကို ကျွမ်းကျင်သော ဆရာများကိုယ်တိုင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ် (၁၀၀)ဦးရေခဲလမ်း (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ခဝဲခြံ မှတ်တိုင် ဖုန်း-၆၆၂၀၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

(၁၈၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဆုမဲပေါင်း ၂၀၁၁၂ ဆုဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

(၁၈၁)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၁၈၄)မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉နာရီမှ စတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀တန်ထီ(၁၈၁) ကြိမ်မြောက်တွင် အက္ခရာ ၃၆လုံး၊ ထီစာအုပ် ၂၉၄၅၄၄၈ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေ ရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ဆု တစ်ဆု၊ ငွေကျပ်သိန်း ၅၀ဆု ၂၉ဆု၊ ငွေကျပ် ၂၅သိန်းဆု ၁၂ဆု၊ ငွေကျပ်ခြောက်သိန်းဆု ၆၆၅ဆု၊ ငွေကျပ်ငါးသိန်းဆု နှစ်ဆု၊ ငွေကျပ်လေးသိန်းဆု လေးဆု၊ ငွေကျပ်နှစ်သိန်းဆု ၁၅ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၇၁ ဆု၊ ငွေကျပ်ရှစ်သောင်းဆု ၂၄ ဆု၊ ငွေကျပ်ငါးသောင်းဆု ၁၇၁၀ ဆု၊ ငွေကျပ်လေးသောင်းဆု ၄၆ ဆု၊ ငွေကျပ်နှစ်သောင်းဆု ၃၃၃ ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ ဆု၊ စုစုပေါင်း ၂၀၁၁၂ ဆုဖြစ်သည်။

ယခု (၁၈၁)ကြိမ်မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဖေဖော်ဝါရီ၆ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆုငွေကျပ် ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက် ထုတ်ယူနိုင်သည်။ (သတင်းစဉ်)



နှစ်သိမ့်ဆွေးနွေး ပညာပေး စာအုပ်ဖြန့်

ရန်ကုန် ဇန်နဝါရီ ၂၅

ဝေဘူလစာပေအတွက် မောင်မောင်ထွန်းအောင် (ကျန်းမာရေး)စီစဉ်၍ ဒေါက်တာဦးထွန်းဝေ (ဝေဘူလ) ရေးသားသော နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း ကျန်းမာရေး ပညာပေးစာအုပ်ကို တစ်နိုင်ငံလုံးအတွက် ဝေဘူလစာပေတိုက် ၁၅၄၊ လွတ်လပ်ရေးလမ်းနှင့် သံသုမာလမ်းဆုံ၊ (ဃ)ရပ်ကွက် (သုဝဏ္ဏ) သဃ်န်းကျွန်းမြို့နယ်က ဖြန့်ချိ လိုက်သည်။

(အပေါ်ဝဲပုံ) (က-ပ)

ငဖဲမြို့ အထက အာစရိယပူဇော်ပွဲ လှူဒါန်းနိုင်

မင်းဘူး ဇန်နဝါရီ ၂၀

မင်းဘူးခရိုင် ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အသက် (၆၀) ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား စတုတ္ထအကြိမ် အာစရိယပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၈ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ငဖဲမြို့ အထက်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဝေးရောက်ဆရာ၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် ဖုန်း-၀၆၅-၂၁၄၈၈၊ -ငဖဲ-၃၈၊ ငဖဲ-၄၆၊ ၀၆၃-၊ ၂၃၁၁၃၊ ၂၁၀၆၀တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကွန်ပျူတာများ ဈေးနှုန်းသက်သာစွာ ရရှိနိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

MICT Week 2004 ကို ဇန်နဝါရီလ ၂၁ ရက်မှ ၂၇ ရက်ထိ MICT Parkတွင် ကျင်းပမည်ဖြစ်သည်။ ထိုပြပွဲတွင် Spring Commercial Co, Ltd မှ Computer နှင့် အပိုပစ္စည်းများကို ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် ပြပွဲကာလအတွင်း ဝယ်ယူသူများကို HeadSet, Modem, Access Kit အစရှိသော အသုံးဝင်ပစ္စည်းများကို လက်ဆောင်ပေးမည်ဖြစ်သည်။ Spring မှရောင်းချသော ကွန်ပျူတာများကို ငါးနှစ် လက်ခမဲ့ အာမခံဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ MICT Park အဆောင်(၇)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ (သို့) အမှတ်(၉၆) ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၅၀၄၇၈၊ ၀၉၅၀-၁၃၃၄၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

သတ္တဗေဒကျောင်းသားများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ဧပြီ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ ရန်ကုန်မြို့၌ ကျင်းပရန် စီရန်ထားပါသည်။ သို့ပါ၍ ကျောင်းသား၊ ကျောင်းသူ ဟောင်းများသည် အလှူငွေများကို ဦးကျော်ဘုန်းလင်း ဖုန်း-၂၀၃၃၀၃၊ ဒေါ်တင်တင်အေး ဖုန်း-၂၉၅၈၀၃၊ ဒေါ်မြစော ဖုန်း-၆၅၁၂၅၄၊ ဦးမြင့်လွင်ခိုင် ဖုန်း-၃၇၄၈၅၀၊ ဦးဝင်းရှိန်-ဒေါ်စိုး ဖုန်း-၅၁၁၁၀၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

အမျိုးသမီးများ ကျန်းမာရေးပညာပေးဟောပြော အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေး ရှင်းလင်း

ဟားခါး ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အမျိုးသမီးများ၏ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ၁၄ ရက် နံနက်တွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ကျန်းမာရေး အဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်တင်လင်းမြင့်က အမျိုးသမီးများ၏ ကျန်းမာရေး အသိပညာပေးမှုနှင့် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက် ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာနသို့ ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးခင်မောင်ထွန်းက လက်ခံရယူသည်။ ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ နာယက ဒေါက်တာဒေါ်ခင်စောမူ၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းနှင့် ပြည်နယ် အထူးကုဆရာဝန်ကြီးများက ဆွေးနွေးဟောပြောကြသည်။

(ခရိုင်ပြန်/ဆက်)

ဇန်နဝါရီ၁၆ ရက်က ဖားကန့်မြို့နယ်ကာမိုင်းမြို့နယ်ခွဲ အထကမှ ကျောင်းသူ၊ ကျောင်းသားများအတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ဖားကန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းမြင့်အောင်နှင့် ကာမိုင်းမြို့နယ်ခွဲ ဦးစီးဌာနမှူး ဦးမောင်ကျော်တို့က ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းထံ ပေးအပ်စဉ်။

(၄၉၉)

စပါးအထွက်နှုန်းစံကွက် ရိတ်သိမ်း ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်

ကန့်ဘလူ ဇန်နဝါရီ ၂၀

ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီတို့၏ စပါးအထွက် နှုန်းစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ဇန်နဝါရီ၁၆ ရက် နံနက်က တောက္ကရုပ် ကျေးရွာအုပ်စု ၆၁၄ သံဖိုချောင်ကွင်းနှင့် ၆၀၉ သဲဆည်ကွင်းတို့၌ စုပေါင်း ဆောင်ရွက်ကြသည်။

အဆိုပါ စပါးအထွက်နှုန်း စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်ကျော်စိုး၊ စိုက်ပျိုးရေးလုပ်ငန်းမြို့နယ် မန်နေဂျာ ဦးကောင်းဌေး၊ ဝါလုပ်ငန်းမြို့နယ် မန်နေဂျာဦးထွန်းညွန့် စက်မှုလက်ယာ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးနှင့် ဌာနဆိုင်ရာများ မြေစာရင်းဝန်ထမ်းများ၊ တောက္ကရုပ် ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် ဒေသခံ တောင်သူလယ်သမားများ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထွက်ရှိ

ကွင်းအမှတ်(၆၁၄) သံဖိုချောင်ကွင်း ဦးပိုင်အမှတ် ၈၀ရှိ ဦးသောင်းရွှေ၏ မနော်ဟရီ စပါးမျိုးက တစ်ကေလျှင် ၈၁ဒသမ ၀၇တင်းနှုန်း၊ ဦးပိုင်အမှတ်(၇)ရှိ ဦးအောင်ညိမ်း၏ မနော်ဟရီစပါးမျိုးက တစ်ကေလျှင် ၇၄ဒသမ၈၄တင်းနှုန်းနှင့် ကွင်းအမှတ် ၆၀၉ သဲဆည်ကွင်း ဦးပိုင် အမှတ်(၈)ရှိ ဦးရေချမ်း၏ မနောသုခ စပါးမျိုးက တစ်ကေလျှင် ၅၇ဒသမ၂၂ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

(၃၈၆)

ပေါင်းလောင်းအသင်း(ရန်ကုန်) စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရား အလယ်ပစ္စယံ၊ အာဇာနည်လမ်းရှိ ရှင်သာမဏေမွေ့ဖိမာန်တွင် ကျင်းပမည်ဖြစ်ပါသည်။

ကန်တော့ခံသက်ကြီးများ၊ ၂၀၀၂–၂၀၀၃ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် အတွင်းရေးမှူးများဖြစ်သည့် ဦးမောင်ချစ် ဖုန်း–၅၄၀၀၃၄၊ ဒေါ်ခင်ထွေးရီ ဖုန်း–၆၈၂၁၈၇၊ ဘဏ္ဍာရေးမှူး ဦးမြင့်သိန်း ဖုန်း–၆၆၄၅၂၃ တို့သို့ထံ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

(က–ပ)

စုပေါင်းသန့်ရှင်း

ဒီဇင်ဘာ၁၄ ရက်က မြဝတီမြို့ သန့်ရှင်းသာယာရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးထွန်းထွန်း ဦးဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့အဝင်လမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာချက်အမှတ်(၃/၂၀၀၄)
လေယာဉ်မောင်၊ လေယာဉ်မယ်လူတွေ့စစ်ဆေးရန်ကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူးလျှောက်ထားသူများအနက် ပဏာမ၊ လူတွေ့စစ်ဆေးမှုအောင်မြင်သူများအား အပြီးသတ်စစ်ဆေးခြင်းကို ၂၈–၁–၂၀၀၄ရက်နေ့ (၀၈:၀၀)နာရီမှစတင်စစ်ဆေးမည့်အစား ၂၉–၁–၂၀၀၄ရက်နေ့(၀၈:၀၀)နာရီအချိန်တွင် စတင်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့လေကြောင်း။

"ယာဉ်မောင်းတကယ်တတ်လိုလျှင်ရွှေမြင်သာနှင့်သင်"
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးသည့်
***ရွှေမြင်သာအခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ် ၂/ ၂၀၀၄ကို၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၄ရက်နေ့တွင် ဖွင့်လှစ်ပါမည်။**

* စနစ်တကျယာဉ်မောင်းကျွမ်းကျင်စေရမည်။
* ရွာသာကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ အမှတ်(၂) လမ်းမကြီးတွင်ဖွင့်လှစ်မည်။
* သွားလာမှုလွယ်ကူစေရန်ရွာသာကြီးသို့ သဃ်န်းကျွန်းမြင်သာရုံးမှ တစ်ဆင့်ကြို/ပို့ယာဉ်များစီစဉ်ပေးမည်။
* နယ်မှတက်ရောက်လိုသူများအတွက်နေထိုင်ရေးအခမဲ့စီစဉ်ပေးမည်။
* သင်တန်းတက်ရောက်လိုသူများ ၃–၂–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အမြန်စာရင်းပေးသွင်းပါ။

ဆက်သွယ်စာရင်းပေးရန်လိပ်စာ–
ဗဟိုယာဉ်မောင်းလိုင်စင်ဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၇၃၁၀၉၊ ၅၇၃၁၀၆၊ ၅၇၀၉၆၇။

(၄၆)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ **ဦးခင်မောင်သိန်း**နှင့် မေမေ **ဒေါ်စုစုသိန်း**တို့၏ ၂၆–၁–၂၀၀၄ တွင် ကျရောက်သော မင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အဖေ၊ အမေတို့ကိုချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်စွာလက်တွဲနိုင်ပါစေ။

ကိုကြီး–မီးမီး၊ ကိုတီး–မီးမီး
ကိုမိုး–လက်တိုဂျင်၊ ထွန်းထွန်း–မကြီး
စိုးမင်းအောင်–မွေး၊ ချိုနိုင်နှင့် ချစ်သောမြေးများ။

Graphic Design Course
- Adobe Illustrator
- Adobe Photoshop
- Microsoft FrontPage
- Image Scanning

MCC

GRACE TRAINING AND SERVICE CENTRE
2.2.04
707956

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
မော်တော်ယာဉ်အလုပ်ရုံအမှတ်(၃)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံ ယာဉ်မောင်းသင်တန်း အပတ်စဉ်(၁၃၉)ကို၁၀–၂–၂၀၀၄ နေ့တွင် ဖွင့်လှစ်ပါမည်။
- ၁၉–၁–၂၀၀၄နေ့တွင် သင်တန်းကြေးများ စတင်လက်ခံပါမည်။
- ၁၉၉၃ခုနှစ်မှစ၍ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် သင်ကြားပို့ချပေးပါသည်။
- သင်မောင်းလိုင်စင် “ခ” လိုင်စင် ရရှိရေး ဆောင်ရွက်ပေးသည်။
- သင်တန်းတက်ရောက်ရန် အခက်အခဲ ရှိသူများအတွက် သီးခြားစီစဉ်ပေးသည်။
- စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၂၁–၂–၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။
- နယ်မှသင်တန်းသားများ ဘော်ဒါရှိသည်။

အမှတ်–၂၄၀(၅) စက်ဆန်း၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စုံစမ်းရန်–
ဖုန်း–၀၁–၂၉၀၃၁၂သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

Yan Aung

Day Car Rental
Ph:542361,09-5008015

ဆရာကြီးဦးစိန်ခို
အသက်(၁၀၂)နှစ်
(ကျိုက်လတ်မြို့)

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၁၇)နေ (ဒေါ်ရီ)၏ခင်ပွန်း၊ (ဦးစိန်လင်း)–ဒေါ်သန်းမြင့်၊ ဦးတင်စိန်–ဒေါ်ကျင်စိန်၊ ဒေါ်ခင်အေးရီ၊ ဦးအောင်ထွန်း–ဒေါ်ခင်လေးကြည် (မန်နေဂျာ၊ မြန်မာ့ကျောက်မျက်၊ မိုးကုတ်)၊ ဦးမောင်မောင်အေး(စီမံကိန်းအင်ဂျင်နီယာ၊ သာပေါင်း)–ဒေါ်မြင့်မြင့်ဝေ (လ/ထမန်နေဂျာ၊ စက္ကူစာတု)၊ ဦးဇော်မင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂–၁–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၁–၂၀၀၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာ ဖြင့်ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ ပုဂ္ဂလိကဝင်ငွေ၊ အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက်တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ(EXPORT EARNING)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက် ရတနာများကို ၂၀၀၃ခုနှစ် နိုဝင်ဘာလ (၂၆)ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှုးမြို့များတွင် အခြေခံပြုသည့်ကျောက်စိမ်း/ကျောက်မျက် တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့်ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

MPEC
Myanmar Professional EducationCenter
Windows Basic Course
- Microsoft Word
- Microsoft Excel
- Microsoft PowerPoint
- Adobe PageMaker
- E-mail & Internet usages

Date: 31.1.04 (SAT & SUN)
Time: (10:00 - 12:00)AM
Phone: 505278,502801,539151

No.1-1, Minami-Aoyama 2-chome, Minato-ku, Tokyo 107-8556 Japan ... HONDA GIKEN KOGYO KABUSHIKI KAISHA (HONDA MOTOR CO., LTD.) ...

THE POWER OF DREAMS

B.Sc., R.L., D.B.L.
MYANMAR TRADEMARK AND PATENT LAW FIRM
E-mail: mtpip@mptmail.net.mm



MYANMA GOLDEN STAR CO.,LTD.

(Softdrink Operation Division)

" WE BELIEVE IN QUALITY "

Myanma Golden Star Co.,Ltd. (Softdrink Operation Division)

ဦးဦးဘစိန်

အသက်(၅၈)နှစ်

ချယ်ရီတည်းခိုခန်းပိုင်ရှင်၊ မုံရွာမြို့ (မြောက်ဦး)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးဘအောင်–ဒေါ်ဝင်းစိန်) တို့၏သား၊ မုံရွာမြို့နယ်၊ ကျွန်းကြီးရွာနေ (ဦးလှဖေ–ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်ဝေ (ထူးချွန် မွေးမြူရေးအစာဆိုင်၊ မုံရွာ)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးထွန်းစိန်ဖြူ–ဒေါ်သာညွန့်ချေတို့၏မောင်၊ ဒေါ်ခင်ခင်စိုး၏အစ်ကို၊ ကိုထွန်းထွန်းဦး–မကြည်ကြည်ဝင်း၊ ကိုသန်းစိုး၊ မချောစုဝင်း၊ မမြမြမိုး၊ မောင်ကျော်စိုးဝင်းတို့၏ဖခင်၊ မောင်ဝေယံထွန်း၊ မမီးမီးတို့၏အဘိုး၊ မသန္တာဦး၊ မောင်တေဇာကျော်၊ မောင်စိုးမိုးကျော်တို့၏ ဦးလေးသည် ၂၅–၁–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) ညနေ၄နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဝါခိုင်(Paw Va Khai)

အသက်(၄၈)နှစ်

(B.A-Geo)

အလယ်တန်းပြ၊ ပထိန်တလန်ရွာ

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပိုင်တေရွာနေ (Pupa Chho Chei-Pi Paw Die)တို့၏သား၊ Pi Ve So ၏ချစ်လှစွာသောခင်ပွန်း၊ Va Bie Lau, No Chhie, Paw Di, Rai Tu, Serafi တို့၏ဖခင်၊ ဦးစီဇာခို–ဒေါ်စီစီနိုင်၊ Pu Chha Hla-Pi Daw Si တို့၏ညီ/မောင်၊ ဦးခိုင်ကုန်း–ဒေါ်ရိုင်ကြယ်၊ ဦးထွန်းကြည်–ဒေါ်စိုဒေးတို့၏အစ်ကို၊ ဦးကျော်လင်း–ဒေါ်ဆမိုင်းလင်း၊ မောင်ညီညီဇော်၊ ဆိုနီခို၊ ရှာမွေလ၊ နီနီခို၊ မေရီတို့၏ ဦးလေးသည် ၂၅–၁–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇–၁–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ရေဝေးခရစ်ယာန်သုခမ္မဇရပ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သမိုင်းလမ်းဆုံမှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်ထွေးထွေးဟန်

အသက်(၄၇)နှစ်

ရုံးအုပ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ တိုက်(၁)၊ အခန်း(၁၇)၊ ပြည်တော်သစ်ရိပ်သာနေ ဦးကြင်ဟန်–(ဒေါ်တင်ကြည်)တို့၏သမီးထွေး၊ (ဦးအုံးတင်)–ဒေါ်မြသန်းတို့၏ချွေးမ၊ ဦးမြသောင်း–ဒေါ်ညွန့်ညွန့်စိန်(အထက–၁၊သရက်မြို့)၊ ဦးအေးမြင့် – ဒေါ်ကြည်ကြည်ဟန်၊ ဒေါ်မြင့်မြင့်ဟန်၊ ဦးစတီးဗင်း–ဒေါ်အေးအေးဟန်၊ ဦးငွေဟန်–ဒေါ်သင်းသင်းခိုင်တို့၏ညီမ၊ ဦးသိန်းထွန်းအောင်၏ဇနီး၊ (မောင်ကျော်ဟန်ဇင်)၊ မောင်အောင်မျိုးကျော်(ဒု–နှစ်၊သချာ)၊ မစုဝေဖြိုးတို့၏ ချစ်လှစွာသော မွေးမိခင်သည် ၂၄–၁–၂၀၀၄(စနေနေ့) ည၇:၁၀နာရီတွင်ကွယ်လွန်ပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ကြည်ကြည်

အသက်(၈၂)နှစ်

ဆယ်သိန်းပုံနှိပ်တိုက် (ရေနံချောင်း)

ရေနံချောင်းမြို့၊ ဂုဏ်မသိမ်လမ်း၊ မြို့မတောင်ရပ်နှင့် အမှတ်(၂၁)၊ သရက်တောလမ်း၊ စမ်းချောင်းနေ (ဦးသိန်းမောင်)၏ဇနီး၊ ဦးစိန်မင်း(ဒု–အင်ဂျင်နီယာ၊ ချောက်မြန်မာ့ရေနံ)–ဒေါက်တာဒေါ်ဝင်းစုစံ၊ ဒေါ်နှင်းယုသွေး၊ (ဒေါ်လဲ့လဲ့ဝင်း)၊ ဒေါ်ခင်မာဝင်း(အလက–၃၊ စမ်းချောင်း)၊ ဦးမောင်မောင်–ဒေါ်လဲ့လဲ့စိုး၊ ဦးညီညီတို့၏ မွေးသမိခင်၊ မနန္ဒာဝင်း (AGTI Civil, B.Sc. Maths)၊ မနန်းဥမ္မာဝင်း (နောက်ဆုံးနှစ်၊ စီးပွားစီမံ၊ မကွေး)၊ မောင်ဝင်းမောင်မောင်စိုး၊ သီတာဖြိုးမောင်မောင်တို့၏ ချစ်လှစွာသော အဘွားသည် ၂၅–၁–၂၀၀၄ ရက် နံနက် ၁၀:၀၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၇–၁–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြည်

အသက်(၇၂)နှစ်

သင်္ဃန်းကျွန်းမီးကျောင်းကန်အပိုင်း(၃) (ပုသိမ်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၆)ရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ်(၁၂၆)နေ ဒေါ်လှပု၏ခင်ပွန်း၊ ဦးအေးကြူ–ဒေါ်ကြူကြူမာ၊ ဦးအေးမြင့် (ရေခဲစက်နှင့် အအေးခန်း တည်ဆောက်ရေး၊ စက်မှုဇုန်–၃၊ ဒဂုံ)–ဒေါ်တင်တင်အေး၊ ဦးတင်ထွန်း–ဒေါ်တင်တင်လှ၊ ဒေါ်စန်းစန်းရီ၊ ဦးလှထွန်း၊ ဒေါ်အေးရီ၊ မခင်စန်းရီ၊ မောင်စိန်အေးတို့၏ ဖခင်၊ မောင်ကျော်ကျော်၊ မထက်ထက်ခိုင်တို့၏ ဦးလေးဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၄–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးသောင်း

အသက်(၆၆)နှစ်

(တောင်တွင်းကြီး)

တောင်တွင်းကြီးမြို့၊ မောင်းတိုင်ရပ်၊ ရေစက်လမ်းနေ (ဦးမြမောင်–ဒေါ်ဖွားတင်) တို့၏သား၊ ဒေါ်မြသန်းကြည်၏ ကျေးဇူးရှင်ခင်ပွန်း၊ ဦးစံလှိုင်မြင့်–ဒေါ်ခင်လေးတို့၏အစ်ကို၊ ဦးကြည်စိုး–ဒေါ်ခင်မာဦး၊ ဦးကိုကိုငွေ – ဒေါ်ဝင်းဝင်းမာ၊ ဦးခင်ဇော်–ဒေါ်ခင်စန်းဝင်း၊ ဦးသန်းစိုး–ဒေါ်ထိုက်ထိုက်စိုး၊ မမြမြစိမ်း (Fukken Co., Ltd) တို့၏ဖခင်၊ မဟန်စုလှိုင်၊ မသင်းသင်းလှိုင်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုး ဦးစိုးသောင်းသည် ၂၅–၁–၂၀၀၄ရက် နံနက် ၆:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး (ဦးနောက်နှင့် အာရုံကြောဌာန)၌ ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၉)၊ အင်္ဂပူလမ်း၊ စမ်းချောင်းနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄/သမိုင်း)၊ မြေကွက်အမှတ် (၂/က+၂/ခ)မြေကွက်များအနက်မှ ဧရိယာ (၆၀ပေ x ၂၇၀ ပေ)ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၁/A)၊ မစိုးရိမ်ကျောင်းလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ခင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးထားပြီး ဖြစ်ပါသည်။

အထက်ပါမြေနှင့်အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်ထားနှင့်တကွ ယခုကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသက်ထွန်း: B.A(Law), LL.B

ဒေါ်ကြည်ကြည်ငွေ: B.A(Law), LL.B

တရားရုံးချုပ်ရှေ့နေများ

ရုံး ၆၂(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၃၇၂၃၃၀။

အိမ် တိုက်(၃၁၅)၊ အခန်း(၆) ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၅၆၈၀၂။

ဒေါ်လီဗွီကြည်

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ အမှတ်(၂၃၄၊ မြေညီ/ယာ)နေ (ဦးမောင်တင်)၏ဇနီး၊ ဦးသောင်းထိုက် – ဒေါ်ခင်ကေသီမြင့်၊ ဒေါ်ဖောင်ရိတ်ချိန် – ဦးကြုံးကြီးခွန်၊ ဦးဖောင်ဝိန်ဖတ်၊ ဒေါ်ဖောင်မွန်းကင် (ခ) မကျင်ကျင်–ဦးရှုရှုမ်ရှုမ်တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄–၁–၂၀၀၄ရက် နံနက်၆နာရီတွင် ကွယ်လွန်ပါသဖြင့် ၂၆–၁–၂၀၀၄ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၈:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဟန်ရှိန်(၈၉)နှစ်

ကျောင်းဆရာ(ငြိမ်း)

အလက(ချောင်းဝရွာ)

ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနေ မောင်လှအေး–မယဉ်အေး၊ မောင်အောင်မြသိန်း–မဇော်ဇော် (ခ) မသက်မာတို့၏ဖခင်၊ မသန္တာလွင်၊ မောင်ကျော်သူအောင်၊ မောင်ဇော်သူအောင်တို့၏ အဘိုး၊ ဒေါ်သန်းညွန့်၏ ခင်ပွန်းသည် ၂၅–၁–၂၀၀၄ ရက် နံနက် ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ ရက်တွင် သပြေငူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမောင်ဝင်း(ခ)ချီချက်မိန်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းအမှတ် (၉၇/A) တတိယလွှာနေ (ဦးနီဂံ–ဒေါ်ယဉ်မြိုင်)တို့၏ သား၊ ဒေါ်ကျင်(ခ)ချင်ငုတ်ကျင်၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးအောင်– မစန်းမြင့်၊ မစန်းအေး၊ (မစန်းရီ)၊ ကိုမြင့်သန်း–မစန်းကြည်၊ မောင်တိုးမောင်၊ မစန်းဝင်း၊ မောင်တိုးအောင်တို့၏ ဖခင်၊ မအိဟန်နီမျိုး (အထက–၁၊ဒဂုံ)၊ မမြတ်မိုမိုအောင် (အထက–၁၊ဒဂုံ)၊ မယဉ်မျိုးမျိုးနိုင် (အလက–၁၊ဒဂုံ)၊ မောင်ဇော်ဇော်အောင်၊ မိုက်လိယွမ်တို့၏ အဘိုးသည် ၂၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးကောင်းတုံ တရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဟင်္သာတအသင်း

ဒေါ်ခင်ပု (၈၄)နှစ်

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

ရန်ကုန်မြို့၊ လမ်းသစ်ရိပ်သာ၊တိုက်(၇)၊ အခန်း(၈)နေ ဦးစော(လက်ထောက်ညွှန်မှူး–ငြိမ်း၊စာပေဗိမာန်) ၏ ဇနီး၊ ဟင်္သာတအသင်း ရာသက်ပန်အသင်းဝင်နှင့် သက်ကြီးပူဇော်ကန်တော့ခံ ဆရာမကြီး ဒေါ်ခင်ပုသည် ၂၀–၁–၂၀၀၄(အင်္ဂါနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄(စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါ၍ အသင်းသားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်စန်းမြင့်

အသက်(၅၉)နှစ်

စစ်သုနာပြု(ငြိမ်း)၊အပတ်စဉ်(၇) (ဓိုးကုန်း)

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ၇လမ်း(A)၊ တိုက်(၁၀)၊ အခန်း(၀၀၂)နေ (ဦးထွန်းသိန်း–ဒေါ်ရီ)တို့၏သမီး၊ (ဦးသန်းမောင်)၊ ဒေါ်ခင်ညိုညိုတို့၏ သမီးချွေးမ၊ ဒေါ်သန်းခင်၊ ဒေါ်ခင်ချစ်၊ ဦးခင်မောင်–ဒေါ်အေးသိန်း၊ တကကက စံပေါ်–ဒေါ်ခင်မြင့်တို့၏ညီမ၊ ဦးဝင်းကို (ဦးစီးအရာရှိ၊ အောင်ဘာလေသိန်းဆုဌာနခွဲ)–ဒေါ်လှလှသန်းတို့၏အစ်မ၊ ဦးထွန်းလှအောင်(ကောင်းစေ–ဆေးဆိုင်)၏ ချစ်လှစွာသောဇနီး၊ မခင်သူဇာထွန်း(M.Sc F(II),Engg. Chemistry)၊ မောင်ဘိုဘိုသီဟအောင်(KBZ) – မဝင်းပပထွန်း (KBZ) တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၄–၁–၂၀၀၄ရက်(စနေနေ့) တွင် ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှခင် (၈၈)နှစ်

အလပြ(ငြိမ်း)၊ အထက(၁) ဒဂုံ (ဝါးခယ်မ)

ရန်ကုန်မြို့၊ ဖဆပလရပ်ကွက်၊ တိုက်(၈)၊ အခန်း(၁၆)နေ (ဦးသန်း)၏ဇနီး၊ ဦးအေးမြင့်အောင်– ဒေါ်ရှုမွှေး၊ (ဦးငွေမြင့်အောင်)၊ ဦးအောင်မြင့်သန်း–ဒေါ်စန်းရီ၊ ဦးကျော်မြင့်သန်း–(ဒေါ်အေး)၊ ဦးမင်းထင်ကျော်ခေါင်–ဒေါ်တင်မာဆွေ၊ (ဦးသီဟကျော်စွာ)၊ ဦးထွန်းမြင့်ဦး–ဒေါ်ယဉ်မျိုးမြတ်၊ ကိုမိုးကျော်သူဝင်း–မသီရိမိုး၊ ဒေါက်တာကေခိုင်သူ၊ ကိုအောင်ရဲသူ၊ ကိုစိန္တညီထွေး၊ ကိုမင်းသွေး၊ သိမ့်၊ စိမ့်တို့၏အဘွား၊ မြစ် ၁၀ယောက်တို့၏ ဘွားဘွားကြီး ဒေါ်လှခင်သည် ၂၅–၁–၂၀၀၄ရက် နံနက် ၈:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမြေး၊ မြစ်တစ်စု။

ဒေါ်လှခင် (၈၈)နှစ်

အလပြ(ငြိမ်း)၊ အထက(၁) ဒဂုံ (ဝါးခယ်မ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်(၈)၊ အခန်း(၁၆)နေ (ဦးအုန်းပွင့်–ဒေါ်ရင်)တို့၏သမီး၊ (သခင်သန်း ပါလီမန်အတွင်းဝန်)၏ဇနီး၊ (ဦးရဲထွဋ်)–ဒေါ်ချိုချိုအောင်၊ ဦးအောင်မိုး (ဆသရကွန်ပျူတာ)–ဒေါ်ခတုကလျာ(ရန်ကုန်သမဒီဂရီကောလိပ်)၊ ဗိုလ်မှူးကျော်သူ(ငြိမ်း)–ဒေါ်နုနုရွှေ (အထက–၁၊ ဒဂုံ)၊ ဦးဇော်လွှန်း–ဒေါ်ကုဏ္ဏလကေသီ(ဆသရငွေစာရင်း)တို့၏ မိခင် ဒေါ်လှခင်သည် ၂၅–၁–၂၀၀၄ ရက် နံနက် ၈:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးလှမောင်

အသက်(၇၃)နှစ်

(ဒု–ဌာနခွဲ၊ အင်/ယာ)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ငြိမ်း) (ရေနံချောင်း)

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ (ဦးရွှေကူ–ဒေါ်ထားရှင်)တို့၏ သားကြီး၊ (ဦးချန်ထွန်း– ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့ တိုက်(၇)၊ အခန်း(၅) မာဃလမ်း၊လှိုင်မြင့်မိုရ်အိမ်ရာနေ ဒေါ်ခင်ရွှေရွှေ(စက်မှု–၁–ငြိမ်း)၏ ခင်ပွန်း၊ (ဦးစန်၊ မွေး/ရေ)–ဒေါ်တင်တင်လှ၊ (ဦးတင်မြင့်၊ တိုင်းအင်/ယာ)–ဒေါ်ခင်ထွေးဝင့်၊ (ဦးတင်ထူး)တို့၏ အစ်ကိုကြီး၊ (ဦးဆန်းလွင်ဦး)၊ ဒေါ်ငွေငွေမာ (သရပ်ပြ၊ သတ္တဗေဒဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးဝင်းမိုး (GM,Central Marketing Co.,Ltd) တို့၏ဖခင်၊ တူ၊ တူမငါးယောက်တို့၏ ဘကြီးသည် ၂၄–၁–၂၀၀၄(စနေနေ့) တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၆–၁–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဇိုင်နက်ဘီ(ခ) ဒေါက်တာခင်ခင်လတ်

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊အမှတ်(၁၉)၊အင်ယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းနေ (သီရိပျံချီဦးဘသိန်း–ဒေါ်မမလေး)၊ (ဒေါ်မမကြီး)တို့၏သမီး၊ ဒေါ်ခင်ခင်ကြီး၏ညီမ၊ ဒေါက်တာခင်ခင်လေး၊ ဦးအေးသန်းတို့၏အစ်မ၊ တူ၊တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၂၂–၁–၂၀၀၄ရက် ညနေ ၆:၂၇နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၂၃–၁–၂၀၀၄ရက် ဂျွန်မာအပြီးတွင် ရေဝေးစွန္နီကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရှိဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရှင်

အသက်(၇၀)

(မုံရွာ)

မုံရွာမြို့၊ အမှတ်(၂၅)၊ ဘူတာလမ်း၊ ရုံးကြီးရပ်နေ (ဦးရာစု–ဒေါ်ဇာမီ) တို့၏ သမီးထွေး၊ (ဦးသာတင်–လက်ထောက်အင်ဂျင်နီယာ–ငြိမ်း၊ MEPE)၏ ဇနီး၊ (ဦးသိန်းလှ–ဒေါ်ခင်မေ)၊ (ဦးသိန်းထွန်း)–ဒေါ်မြရင်တို့၏ညီမ၊ ဒေါ်ဆွေဆွေတင် (အထက–၁၊ မုံရွာမြို့)၊ ဒေါ်ညွန့်ညွန့်တင် [အမှတ်(၁) ရေနံချက်စက်ရုံ၊ သန်လျင်] – ဗိုလ်ကြီးစောထွန်းအောင်၊ ဦးအောင်မျိုးမြင့် (မြန်မာမေဖလားဝါးဘဏ်)တို့၏မိခင် ဒေါ်သန်းရှင်သည် ၂၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ ရက်တွင် မုံရွာမြို့၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်လှအေး

အသက်(၇၈)နှစ်

(ဆယ့်လေးရွာ)

ကျောက်တံခါးမြို့နယ်၊ ဆယ့်လေးရွာ (သစ်ကြီးရပ်ကွက်)နေ [ဦးမောင်ညွန့်(ခ) ဦးညွန့်]၏ ဇနီး၊ တပ်ကြပ်ဖိုးစိုး–ဒေါ်ဖြူ၊ ဦးအောင်ချစ် (ပ–ဓာတ်ခွဲမှူး၊ ကျန်းမာရေးဌာန၊ ရေနံချက်စက်ရုံ၊ သန်လျင်)–ဒေါ်သန်းသန်းအေး(စာရေး–၁၊ထွေ/အုပ်၊ သန်လျင်မြို့နယ်)၊ ဦးသိန်းမြင့် (ဆယ့်လေးရွာ)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ ကိုတင်လှိုင် (၃၃ သစ်စက် ဘုရားကလေး)–မစပါယ်၊ တပ်ကြပ်ကြီးစာရေး မျိုးညွန့်နိုင်ဦး–မထွေးထွေး၊ မောင်အောင်စိုးမိုးမင်း၊ ဗိုလ်ဥက္ကာလင်းဖြိုး (နိုင်ငံခြားဘာသာသင်တန်း၊ပြင်ဦးလွင်)၊ မောင်တက်ထွဋ်အောင်၊ မောင်ကျော်နိုင်ထွန်း (အထက–၁၊သန်လျင်)၊ မခင်မာ၊ မငယ်လေးတို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၄–၁–၂၀၀၄ ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး

ဒေါ်တင့်တင့်ထွန်း

အသက်(၆၃)နှစ်

(B.A,Dip,Ed)

(အထပြ၊ ငြိမ်း) (မုံရွာ)

ရေဦးမြို့နေ (ဦးဘိုထွန်း–ဒေါ်စောတင်)တို့၏သမီးထွေး၊ မုံရွာမြို့နေ ဦးသာငွေ (အငြိမ်းစား ကျောင်းဆရာကြီး)၏ဇနီး၊ ကုန်သည်ဦးစိုးသန်း–ဒေါ်လွင်လွင်ငွေ(မုံရွာမြို့)၊ ဗိုလ်မှူးကျော်စိုး–ဒေါ်စိုးစိုးငွေ(အင်းတိုင်)၊ ဗိုလ်မှူးခင်မောင်လတ်–ဒေါ်ကေခိုင်ငွေ(မြိတ်)တို့၏မိခင်ကြီး၊ မောင်ငြိမ်းချမ်းစိုး၊ မမေစပယ်စိုး၊ မအေးသပြေလတ်၊ မသဇင်စိုး၊ မဇွန်မာလာလတ်၊ မောင်အာကာကျော်စိုးတို့၏အဘွားသည် ၂၃–၁–၂၀၀၄ရက် ည၉နာရီတွင် လှည်းကူးမြို့နယ် အင်းတိုင်၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၁–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် မင်းလွင်ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးမြင့်

အသက်(၅၆)နှစ်

B.Sc (Zoo)

(ဦးအင်ဒရူး–ဒေါ်လှမေ) တို့၏သမီး၊ ရန်ကုန်တိုင်း၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ တိုက်(၆)၊ A,Group၊ အခန်း(၁၀၄)၊ ၄ဝါလမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးသန်းအေး(ခြံမန်နေဂျာ၊ ယုဇန ဆီအုန်းစိုက်ပျိုးရေး၊ ကော့သောင်း)၏ ဇနီး၊ မောင်မျိုးသက်အေး၊ မောင်သန်းဇော်၊ မအိစန္ဒာဝင်း၊ မယဉ်သူဇာအေး(ယုဇနပုစွန်မွေးမြူရေး၊ ငွေဆောင်)၊ မသင်းစုစုထွေး(တတိယနှစ်၊ကွန်ပျူတာတက္ကသိုလ်)၏ မွေးသမိခင်သည် ၂၅–၁–၂၀၀၄ရက် နံနက် ၂:၄၀နာရီတွင် ရန်ကုန်ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၇–၁–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

ဘဒ္ဒန္တ သာသန မဟာထေရ်

သိက္ခာတော်(၇၀)၊ သက်တော်(၉၀)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့(သဲအင်းဂူ) သာသနာ့အောင်ဗိမာန်ကျောင်းတိုက် ဝိဇ္ဇောဒယဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသာသနမဟာထေရ်သည် ၁၃၆၅ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၁–၁–၂၀၀၄၊ (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ၂၇–၁–၂၀၀၄ ၁၃၆၅ခုနှစ် တပို့တွဲလဆန်း၆ရက်(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် သုံးခွမြို့တွင် အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တ ကုမာရနှင့်

ဈာပနကျင်းပရေးကော်မတီ။

ရဟန်း၊ ကျောင်းအမ

ဒေါ်ရီ (၈၉)နှစ်

(အုန္နဲ)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ (အိမ်ရာသစ်)၊ အမှတ်(၁၀၉၀/က)နေ (ဦးသိန်း)၏ဇနီး၊ ဦးကံမြင့်(ခ)ဦးငွေဝင်း (စာပေဗိမာန်)၊ ဒေါ်ယဉ်ယဉ်စိန် (မြို့ရွာနှင့်အိုးအိမ် ဦးစီးဌာန)၊မအေးအေးချို(လသာတေးသံသွင်း)တို့၏မိခင် ဒေါ်ရီသည် ၂၅–၁–၂၀၀၄ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်း

အသက်(၇၈)နှစ်

ကုန်သွယ်/လယ်ယာ(ငြိမ်း)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မလွကုန်းငွေကြွယ် (က) ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၉၆)နေ (ဦးဖိုးလုံး–ဒေါ်ရီ)တို့၏သား၊ ဒေါ်မြသိန်း၏ခင်ပွန်း၊ (ဦးရှိန်–ဒေါ်ခင်ရွှေး)၊ (ဦးမောင်ကို–ဒေါ်ခင်ကြည်)၊ (ဦးစိန်ဝင်း–ဒေါ်ရင်မေ)၊ (ဦးခင်မောင်မောင်)–ဒေါ်တင်တင်ဦးတို့၏ ညီ/မောင်၊ (ဦးမြတ်ကျော်)–ဒေါ်ခင်တင့်၊ (ဦးသန်းထွန်း)–ဒေါ်လှမြိုင်၊ ဦးလှမြင့်–(ဒေါ်မြင့်မြင့်သိန်း)တို့၏ ညီ/အစ်ကို၊ ဦးသက်ဝင်း၊ ဗိုလ်မှူးမိုးဝင်း(တပ်မှူး) – ဒေါ်ဖြူဖြူလွင်တို့၏ဖခင်သည် ၂၅–၁–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၁–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသောင်းထွန်း

အသက်(၆၇)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဓ/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်(A-1)၊အခန်း(၀၀၂)နေ (ဦးသာအေး–ဒေါ်မေတု)တို့၏သား၊ (ဦးကျော်–ဒေါ်မြမေ)တို့၏ သားသမက်၊ (ဒေါ်ဖွားချစ်)၊ ဦးကျော်စိန်–(ဒေါ်သန်းကျင်)တို့၏ ညီ/မောင်၊ ဒေါ်ခင်လှိုင်၏ခင်ပွန်း၊ မခင်နွယ်နွယ်၊ ကိုလှတိုး၊ ကိုအောင်ကျော်ကျော်၊ ကိုထွန်းထွန်းဝင်းတို့၏ ဖခင်သည် ၂၄–၁–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမျိုးညွန့်

အသက်(၆၀)

အောင်မိတ္တူ (ဝမ်းတွင်း)

ဝမ်းတွင်းမြို့၊ လိမ်ပင်ရွာနေ (ဦးကျော်အုန်း)–ဒေါ်ညိုရှင်တို့၏သား၊ဝမ်းတွင်းမြို့၊ (၃)ရပ်ကွက်နေ ဒေါ်ကျင်နု၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြင့်သိန်း၊ မအေးအေးသီ၊ ကိုသိန်းဝင်းထွန်း မယုယုဝင်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၅–၁–၂၀၀၄ နံနက် ၁:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၁–၂၀၀၄ ရက်တွင် ဝမ်းတွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဟင်္သာတအသင်း

ဦးတင်လှိုင် (၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၅၁)၊ (၄၆)လမ်းနေ (ဒေါ်ခင်သောင်း)၏ခင်ပွန်း၊ ဟင်္သာတအသင်း ရာသက်ပန်အသင်းဝင်နှင့် သက်ကြီးပူဇော်ခံ ဦးတင်လှိုင်သည် ၂၄–၁–၂၀၀၄(စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၁–၂၀၀၄ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးချစ်စိန် (၇၉)နှစ်

(မြင်းကကုန်း)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၁၉)၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီးနေ (ဦးမောင်မှျင်–ဒေါ်ဖွားသန့်)တို့၏ သား၊ (ဦးဖိုးစိန်–ဒေါ်မေရှင်)တို့၏ သားသမက်၊ ဒေါ်မြညွန့်၏ခင်ပွန်း၊ ကိုအေးသန်း – မအေးမြင့်၊ ကိုတင်ထွန်း–မခင်ဝင်း၊ ကိုတင်ယု–မယဉ်ယဉ်ရွှေ၊ ကိုသိန်းဇော်–မသန်းသန်းနု၊ ကိုညွန့်နိုင် – မစန်းစန်းယုတို့၏ မွေးသဖခင်၊ မြေး၂၄ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးဦးချစ်စိန်သည် ၂၅–၁–၂၀၀၄ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၁–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ဟန်ရီ (၆၈)နှစ်

(ထူးကြီး)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၂)လမ်း၊အမှတ် (၂၅၆) နေ (ဦးကျော်သင်)၏ဇနီး၊ ဦးမောင်မောင်–ဒေါ်သန်းဝင်း၊ (ဦးထူးအောင်–ဒေါ်မြင့်မြင့်သိန်း)တို့၏မိခင်၊ မောင်ကျော်သူရမောင်၊ မောင်ဝင်းသူရမောင်၊ မဇာဇာအောင် (Grand Pharmaceuticals Co,Ltd)၊ မောင်မင်းမင်းအောင်၊ မအိအိအောင်တို့၏အဘွားသည် ၂၅–၁–၂၀၀၄ ညနေ ၄:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၁–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှ ကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အုံး

အသက် (၄၆)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၃)၊ အခန်း(၂၀၃)နေ (ဦးအုန်းခင်)–ဒေါ်မြမြစိန်တို့၏သား၊ ဦးရန်အောင်–ဒေါ်ရီရီအုန်းတို့၏မောင်၊ ဦးသန်းငွေ၊ ဒေါ်ရီစိမြင့်နောင် (အလက–၈၊ လှိုင်)၊ ဦးသန်းထိုက်၊ ဒေါ်သန္တာလွင်တို့၏ အစ်ကို၊ မောင်မြတ်ခိုင်၊ မောင်စိုင်းထူးသာ၊ မနုနုအေး၊ မသော်တာအေးတို့၏ ဖခင် ဒေါ်နန်းထွေး(ခ)ဒေါ်အေးထွေး၏ ခင်ပွန်းသည်၂၃–၁–၂၀၀၄ ရက်(သောကြာနေ့)၊ ညနေ ၆:၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၁–၂၀၀၄ (စနေနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ကွယ်လွန်သူအား ရည်စူး၍ ၂၉–၁–၂၀၀၄ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ၊ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြိုင်ကြီးငူဒေသရှိ တိုင်းရင်းသားပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာ ဘုရားတည် ကျောင်းဆောက် သာသနာရေးလုပ်ငန်းများ ပြောင်မြောက်စွာဆောင်ရွက် မြိုင်ကြီးငူ–ဘားအံ ရာသီမရွေး ဆက်သွယ်သွားလာနိုင်သော လမ်းမကြီး ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၅

ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော်(မြိုင်ကြီးငူဒေသ) ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော် ထီးတော်တင်မင်္ဂလာအခမ်းအနား၊ မြိုင်ကြီးငူ–ဘားအံ ၃၄မိုင် သစ္စာလမ်းမကြီးနှင့် တံတား ၉၉ စင်း ဖွင့်ပွဲအခမ်းအနားနှင့် ဘေသဇ္ဇမုနိ ကြေးသွန်းရုပ်ရှင်တော်မြတ် ဂန္ဓကုဋိတိုက်တော်၊ ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက် ထီးတော်နှင့် လမ်းတံတားများ ရေစက်ချမင်္ဂလာအခမ်းအနားများကို ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင် စုံနံ့သာမြိုင် ဆွေမြို့တော်(မြိုင်ကြီးငူဒေသ)ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။



တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ဘားအံမြို့ မဲဘောင်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရ၊ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနနှင့် ကရင်ပြည်နယ်မှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ဇော်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်း ရှေခါဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာတားလ်ဘီဟာရီဗာချ်ပါယီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇန၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၄ရက်က ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူဒေသ) ဇိနမာန်အောင် ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်တော် ထီးတော်တင်မင်္ဂလာ အခမ်းအနားတွင် ဂန္ဓကုဋိတိုက်တော်အထွတ်၌ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြစဉ်။ (အပေါ်ပုံနှင့်ယာပုံ) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်္ဂါဂြိုဟ်၏မျက်နှာပြင်တွင် ရေခဲများရှိနေကြောင်း အထောက်အထားများတွေ့ရှိ

ရန်ကုန် ဇန်နဝါရီ ၂၅

ဥရောပအာကာသအေဂျင်စီက လွှတ်တင်ထားသည့် အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ် မားစ်အိပ်စ်ပရက်စ်သည် ပထမဆုံးအကြိမ်အဖြစ် အင်္ဂါဂြိုဟ်၏ တောင်ဝင်ရိုးစွန်းတွင် ရေခဲများရှိနေကြောင်း အထောက်အထားများ တွေ့ရှိခဲ့သဖြင့် ထိုတွေ့ရှိမှုကို မြေပြင်စခန်းသို့ ဓာတ်ပုံများရိုက်ယူပြီး ပေးပို့ခဲ့သည်။ ယခုကဲ့သို့ ရေခဲများ အစုလိုက်အပုံလိုက် တည်ရှိမှုကို တွေ့ရှိခြင်းကြောင့် သိပ္ပံပညာရှင်များ နှစ် ၃၀ ကြာ မျှော်လင့်နေသည့် အဖြေကို ရရှိသွားခြင်းလည်းဖြစ်သည်။ သက်ရှိများ တည်ရှိမှုမှာ ရေသည် အရေးပါသည့်အတွက် အနာဂတ် အင်္ဂါဂြိုဟ်ခရီးစဉ်များမှာ အာကာသယာဉ်မှူးများအတွက် ရေပံ့ပိုးရရှိနိုင်မည်ဖြစ်ကြောင်းနှင့် မားစ်အိပ်စ်ပရက်စ်၏အကူအညီဖြင့် အင်္ဂါဂြိုဟ်မျက်နှာပြင်အောက် သုံးမိုင် သို့မဟုတ် လေးမိုင်တွင် ရေကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ထားသည်။ အင်္ဂါဂြိုဟ်တွင် ရေတွေ့ရှိသည့်အတွက် သက်ရှိများတည်ရှိမှုနှင့်ပတ်သက်သော မေးခွန်းများလည်း ပေါ်ထွက်လာကြောင်း စီအက်ဖ်အိုင် သတင်းဌာနကဖော်ပြသည်။***စီအက်ဖ်အိုင်။***